# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၄၄ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# ၁-၁၁-၂၀၁၁၊

**အချိန် ၊၁၃း ၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၄ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၅.၉၅ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)** ။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းသည် အရေးကြီးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ၁-၁၁-၂၀၁၁ ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအတွက် ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးအောင်သောင်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)** ။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်သည် နေမကောင်းပါသဖြင့် ယနေ့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ခွင့်ပြု ပေးပါရန် သာပေါင်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးဝင်းသန်းက ၎င်း၏ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ချောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဟာ ယနေ့နေပြည်တော်မှာ ကျင်းပနေတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအစည်းအဝေးများကို ၁-၁၁-၂၀၁၁ နဲ့ ၂-၁၁-၂၀၁၁ နှစ်ရက်တက်ရောက်ရမည်ဖြစ်ပါသဖြင့် အဆိုပါနေ့များမှာ ပြည်သူ့လွှတ်တော်တက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ကျွန်တော် မလှိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် မှ ကိုယ်စားခွင့်တိုင် ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းသည် ၎င်း၏သား ဆေးရုံတက်ရောက်သည့်ကိစ္စနှင့်ပတ်သက်၍ အနီးကပ်ပြုစုစောင့်ရှောက်ရန်လိုအပ်ပါသဖြင့် ယနေ့ ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိသည်ကို ခွင့်ပြုပေး ပါရန် ဦးခင်မောင်ဝင်းကိုယ်စား မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ကျွန်တော် ဒေါက်တာသန်းဝင်းက ကိုယ်စား ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဟာ ဆရာဝန်၏ညွှန်ကြားချက်အရ ၂-၁၁-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ် သတ်မှတ်ပေးပါ ရန် နောင်ချိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ကိုယ်စား မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်မှ ရိုသေစွာ ခွင့်တောင်းခံ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်းဟာ အအေးမိဖျားနာခြင်းမှ သက်သာခြင်းမရှိသေးပါသဖြင့် ယနေ့နဲ့မနက်ဖြန် ၂ ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးသန်းဝင်းကိုယ်စား ခွင်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ဋ္ဌေး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးသူသည် အအေးမိနေမကောင်းဖြစ်နေပါ၍ အဆောင်တွင်ဆရာဝန်၏ညွှန်ကြားချက်အရ ယနေ့နဲ့ မနက်ဖြန် နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ၎င်း၏ကိုယ်စား ကျွန်တော် ထီးလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဋ္ဌေးမှ လေးစားစွာဖြင့်ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးပိုက်ထွေး(ကံမမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ထွေးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်သည် မိသားစုကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ဒုကိုယ်စားလှယ်နှင့် တွေ့ဆုံရန်ရှိပါသဖြင့် ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့မတက်ရောက်နိုင်ခြင်းကို ခွင့်ပြုပေးပါရန် ကျွန်မ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူကကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းသည် အရေးကြီးကိစ္စဆောင်ရွက်ရမှာဖြစ်ပါသဖြင့် ၁-၁၁-၂၀၁၁ နေ့(အင်္ဂါနေ့)အား ခွင့်အဖြစ် သတ်မှတ်

ပေးပါရန် ဦးမောင်မောင်သိမ်းရဲ့ကိုယ်စား ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်က ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဥ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေးအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ အများပြည်သူအတွက် အကျိုးဖြစ်ထွန်းစေတဲ့မေးခွန်းကို မေးမြန်းရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ မိုင်းကိုင်မြို့နယ်မှာ လူဦးရေ ၁ သိန်းခန့်နေထိုင်လျက်ရှိပြီး စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးစနစ် အလွန်နိမ့်ကျသော မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့တွင်းမှာ လက်လှည့်ဖုန်းများ အသုံးပြုရပြီး တခြားမြို့များနှင့် ဆက်သွယ်လိုပါက မြို့တွင်းရှိဖုန်းဆိုင်များမှ အခကြေးငွေပေးဆောင်ရ၍ ဆက်သွယ်ရပါတယ်။ တိုင်းဒေသကြီးနှင့် အခြားပြည်နယ်ရှိမြို့များ ရောင်းဝယ်ဖောက်ကားမှု လွယ်ကူမြန်ဆန်စေရန် နိုင်ငံတော်မှ CDMA နှင့် GSM ဖုန်းများ တိုးချဲ့တပ်ဆင်ပေးတဲ့စီမံကိန်း ပထမနှစ်မှာ လိုင်းပေါင်း လေးသန်းကျော်ရှိတယ်လို့ သိရှိရပါတယ်။ မိုင်းကိုင်မြို့နယ်သည် ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိပြီးတော့ ဝေးလံခေါင်သီတဲ့ မြို့တစ်မြို့ဖြစ်တဲ့အတွက် ခေတ်မီတဲ့ဆက်သွယ်ရေးစနစ်ရှိမှာသာလျှင် ပြည်သူများအဆင်ပြေမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ မိုင်းကိုင်မြို့နယ်နဲ့ အခြားပတ်ဝန်းကျင်ရှိ

မြို့နယ်များ CDMA သို့မဟုတ် GSMဖုန်းများ တိုးချဲ့တပ်ဆင်ပေးခြင်း အစီအစဉ် ရှိ၊ မရှိ ။ အစီအစဉ် ရှိပါက မည်သည့်အချိန်ကာလတွင် တိုးချဲ့တပ်ဆင်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးတင့်လွင်(ဒုတိယဝန်ကြီး၊ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင့်လွင် ဖြစ်ပါတယ်။ ယခု ကျွန်တော့်အနေဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနကိုယ်စား ရှမ်းပြည်နယ်၊ မိုင်းကိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး၏မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းကိုင်မြို့တွင် လိုင်းအင်အား ၂၀၀ ပါဝင်သော လက်လှည့်အိတ်ချိန်းတပ်ဆင်ထားပြီး တယ်လီဖုန်း ၁၉၉ လုံး တပ်ဆင်ထားရှိပါတယ်။ အဆိုပါ အိတ်ချိန်းမှ အဝေးဆက်သွယ်မှုရရှိစေရန်အတွက် ရင်ကွဲတောင်မိုက္ကရိုဝေ့ဗ်စခန်းမှတစ်ဆင့် Cordless ဖုန်းဖြင့် တပ်ဆင်ထားသော ပင်လုံအော်တိုတယ်လီဖုန်းနံပါတ် ၀၈၁၃၀၂၆၆ နှင့် MPT Satellite Terminal တယ်လီဖုန်းနံပါတ် ၀၁၃၃၃၇၆၁၀ တို့ဖြင့် ဆက်သွယ်ဆောင်ရွက်ပြီး ကြေးနန်းလုပ်ငန်းသုံး တယ်လီဖုန်း ၀၁၃၃၃၇၆၁၁ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသုံးတယ်လီဖုန်း ၀၁၃၃၃၇၆၁၂ တို့အား တပ်ဆင်၍ အသုံးပြုလျက်ရှိပါတယ်။ အဆိုပါတယ်လီဖုန်းများအား မြို့လျှပ်စစ်မီးရရှိမှု အခြေအနေသုံးစွဲမှုလိုအပ်ချက်အပေါ် မူတည်၍ ဖွင့်လှစ်အသုံးပြုနေပြီး လိုအပ်ချက်ရှိပါက ၂၄ နာရီ ဖွင့်လှစ်အသုံးပြုနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် မိုင်းကိုင်မြို့တွင်း၌ ပုဂ္ဂလိက MPT Satellite Terminal ဖုန်းများလည်း တပ်ဆင်ထားရှိသဖြင့် တယ်လီဖုန်းခေါ်ဆိုလိုသူများအနေဖြင့် အဆိုပါ ဖုန်းများမှလည်း ဆက်သွယ်ပြောဆိုနိုင်မယ်ဖြစ်ပါတယ်။ မိုင်းကိုင်မြို့ CDMA-450 MHz တယ်လီဖုန်း လိုင်း ၄၀၀ တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်ပစ္စည်းများအား အောက်တိုဘာလကုန်တွင် ပို့ဆောင် တပ်ဆင်ပြီး Transmission တပ်ဆင်ခြင်းလုပ်ငန်းအား နိုဝင်ဘာလတွင် ဆောင်ရွက်မည်ဖြစ်ရာ ယခုနှစ် ဒီဇင်ဘာလတွင် မိုင်းကိုင်မြို့၌ CDMA-450 MHz တယ်လီဖုန်းများ စတင်အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။ ယခုလို ကျွန်တော့်အား ဖြေကြားခွင့်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား အထူးကျေးဇူးတင်ရှိ ပါကြောင်းပြောကြားရင်း ကျွန်တော့်ရဲ့ဖြေကြားတင်ပြမှုကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအေးမြင့်၊ အင်းစိန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်ဖြစ်ပြီး ရန်ကုန်မြို့တွင် စက်မှုဇုန်များစွာ ရှိသည့်အနက် အထင်ကရစက်မှုလုပ်ငန်းများ လည်ပတ်နေသော လှိုင်သာယာစက်မှုဇုန်မှ တချို့စက်ရုံ များရဲ့ စွန့်ပစ်ရေများတွင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသော လူနှင့်တိရစ္ဆာန်များကို အဆိပ် အတောက်ဖြစ်စေသော **အာစင်းနိုပ်** များအပြင် အခြားသတ္တုဓာတ်များပါဝင်နေပါတယ်။ ၎င်းသတ္တု ရည်များကို မြစ်ချောင်းထဲသို့ တိုက်ရိုက်စွန့်ပစ်ပါက ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာပြီး ရေသတ္တဝါ များကို အသက်အန္တရာယ်များ ဖြစ်နိုင်သည်အထိ ဒုက္ခပေးနိုင်ပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်က ပုဇွန်တောင်ချောင်းထဲမှာ ရေကျချိန်မှာလည်းပဲ ငါးတွေပေါ်ပြီးတော့ သေဆုံးမျောနေတယ်ဆိုတာကို ဒါ လေ့လာသိရှိရပါတယ်။ ဒီလိုငါးတွေ အစုလိုက်၊ အပြုံလိုက် သေဆုံးမျောပါတာမျိုးက ရေရဲ့ အရည်အသွေးကျဆင်းလာရင် ဒါမှမဟုတ် ဓာတုပစ္စည်းများများစားစား ချောင်းထဲကို စွန့်ပစ် ခြင်းကြောင့် ဖြစ်နိုင်တယ်လို့ သုံးသပ်ရရှိပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စွန့်ပစ်ဓာတုရည်များကို တွင်းတူးပြီး ဓာတုရည်များကိုထည့်၍ ဗေဒါ၊ ကနဖော့၊ ကြာပင်၊ ကန်စွန်းပင်စသည်တို့ကို မွေးမြူပြီး ထိုအပင်များကို အခြောက်ခံမီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း ပလိပ်ချည်မျှင်နှင့် အထည်စက်ရုံတွင် အထက်မှာတင်ပြခဲ့တဲ့နည်းကို ဆောင်ရွက်တယ်လို့ ဒါလေ့လာ သိရှိရပါတယ်။ ဒါ့ကြောင့် စက်ရုံများမှ ဓာတုဓာတ်များပါဝင်သောရေကို တိုက်ရိုက်စွန့်ပစ်ခြင်းကို ခွင့်မပြုစေဘဲ နည်းမျိုးစုံဖြင့် ဓာတုဓာတ်စစ်ထုတ်မှုကို ပြုလုပ်စေပြီးမှသာ စွန့်ပစ်ရေကို စွန့်ပစ်မှသာ လျှင် လူနှင့်တိရစ္ဆာန်များအား ဘေးအန္တရာယ်ကင်းရှင်းနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေသော စက်မှုဇုန်တချို့ရှိစက်ရုံများမှ ဓာတုဓာတ်ပါဝင်သော စွန့်ပစ်ရေများ ကို ဓာတုဓာတ်စစ်ထုတ်၍ စွန့်ပစ်ခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ကြပ်မတ် ဆောင်ရွက်ခြင်း ရှိ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ထာဝရပြည့်စုံကြပါစေကြောင်း ဆုမွန် ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမြင့်ရဲ့ မေးခွန်းကို ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်တဲ့ အမှတ် (၁)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ရဲ့ကိုယ်စား ကျွန်တော်မှတာဝန်ယူပြီးတော့ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ မြန်မာ နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေး ၂၁ ရာစုအစီအစဉ် (Myanmar Agenda 21)၊ အခန်း (၁၀) မှာ ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးစီမံခန့်ခွဲမှုနှင့် မြှင့်တင်မှုတွင် စက်ရုံများမှထွက်ပစ်သောထွက်သည့် စွန့်ပစ်အရည်များအား ဗဟိုမှသန့်စင်သည့်စနစ်များကို စက်မှုဇုန်များတွင် ထူထောင်ရန်နှင့် အဆိပ် အတောက်ဖြစ်စေတဲ့ ဓာတုပစ္စည်းနှင့်ဘေးအန္တရာယ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေမည့် စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်ထည့်သွင်း ဖော်ပြထားပါတယ်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေနဲ့လည်း တိုင်းဒေသကြီးများ၊ ပြည်နယ်များအတွင်းမှာရှိတဲ့ စက်ရုံအလုပ်ရုံများကို နှစ်စဉ်စစ်ဆေးလျှက်ရှိပါတယ်။ ထိုကဲ့သို့ စစ်ဆေးရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကိုလည်း လိုက်နာမှု ရှိ၊ မရှိကိုပါ စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။ စက်ရုံအသစ်များ မှတ်ပုံတင်ခွင့်ပြုရာမှာလည်းပဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ကိစ္စများကိုပါ တစ်ပါတည်းထည့်သွင်းပြီး စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိပါတယ်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနရှိ စက်ရုံအလုပ်ရုံများအတွက် သုတေသနဖွံ့ဖြိုးရေးဗဟိုဌာန၊ ဗဟိုဌာနမှူးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေနဲ့ အခါအားလျော်စွာ စက်ရုံများကို လိုက်လံစစ်ဆေးပြီး တာဝန်ရှိသူများနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် စက်ရုံနယ်မြေအတွင်း မိုးရာသီကာလများမှာ သစ်ပင်များအားစီမံချက်ဖြင့် တစ်အုပ်တစ်မစိုက်ပျိုးစေခြင်းနှင့် စက်ရုံမှစွန့်ပစ်ရေဆိုးနှင့် ပစ္စည်းများကို စနစ်ကျစွာစွန့်ပစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့လည်း နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုအပိုင်း (Investment Portion)ကို တိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ စက်ရုံအလုပ်ရုံများ အသစ်တည်ထောင်ရာမှာ Environmental Impact Assessment, Social Impact Assessment စသည်များကို ထည့်သွင်းပြီး စဉ်းစားစိစစ်ပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါတယ်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လက်အောက်တွင်ရှိသော စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဟာလည်းပဲ တိုင်းဒေသကြီး၊ပြည်နယ်များမှာရှိတဲ့ စက်မှုဇုန်တာဝန်ခံများဖြစ်ကြတဲ့ သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးချုပ်များနဲ့ညှိနှိုင်းပြီး စက်ရုံအလုပ်ရုံများအနေဖြင့် စက်ရုံနယ်မြေ

အတွင်း အစားထိုးသစ်ပင်များကို စီမံချက်ဖြင့် ပြန်လည်စိုက်ပျိုးရေး၊ စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများကို ပြန်လည်သန့်စင်မှုဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု(Pollution) လျော့ပါးစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့စက်မှုထုတ်ကုန်များ၊ ထုတ်လုပ်သူများအသင်းအနေနဲ့လည်း စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများမှဝန်ထမ်းများ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ဗဟုသုတများရရှိစေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးလုပ်ငန်းများ၊ စွန့်ပစ်ရေဆိုးများ ပြန်လည်သန့်စင်မှုလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ပါးစေရေးလုပ်ငန်းများနဲ့ပတ်သက်တဲ့ သင်တန်းများကိုလည်းပဲ ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါတယ်။ စက်ရုံအလုပ်ရုံများမှထွက်တဲ့ စွန့်ပစ်ပစ္စည်းများနှင့်ရေဆိုးများကို စနစ်တကျစွန့်ပစ်ရေး အတွက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းရန်လည်းပဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေနဲ့ ပြည်ထောင်စုအစိုးရသို့ တင်ပြရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း ခွင့်ပြုသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၂၁ ဦးပါဝင်တဲ့ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကိုလည်း လက်ရှိကျွန်တော်တို့ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိပါတယ်။ မြစ်ရေ၊ ချောင်းရေများ ညစ်ညမ်းမှုမရှိစေရန် ပတ်ဝန်းကျင်စွန့်ထုတ်အရည်များ စံချိန်စံညွှန်းသတ်မှတ်ပြဋ္ဌာန်းရေးအတွက် မြန်မာနိုင်ငံပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေမူကြမ်းမှာလည်းပဲ ဒီအချက်ကိုထည့်သွင်းရေးဆွဲ တင်ပြထားခဲ့ပါတယ်။ ပြဋ္ဌာန်းပြီး သည့်အခါ အဆိုပါဥပဒေအရ ထိရောက်စွာ ပိုမိုဆောင်ရွက်သွားနိုင်မည်လို့ ယူဆပါတယ်။

အထက်ပါဖြေကြားချက်များအားလုံးသည် ဤကိစ္စတွင် သက်ဆိုင်မှုရှိနေသည့် ပြည်ထောင်စု ဝန်ကြီးဌာနများ၏ တည်ဆဲလုပ်ထုံးလုပ်နည်းများအရ ဖြေကြားခြင်းသာဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်း များ မည်သို့ပင်ရှိစေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွင်ပါရှိသောအချက်များသည် လက်တွေ့နယ်ပယ်တွင် အမှန်တကယ်ဖြစ်ပေါ်နေနိုင်သည်ဆိုခြင်းကို ကျွန်တော်တို့အနေနဲ့ ရိုးသားစွာ လက်ခံယုံကြည်ပါတယ်။ အများပြည်သူများ၏အကျိုးကိုရှေ့ရှု၍ ဤအချက်ပေါ်တွင် တာဝန်ရှိသူများ အား အလေးထားဆောင်ရွက်စေလိုသည့် စိတ်စေတနာလည်းပေါ်လွင်လျက်ရှိပါတယ်။ ထို့ကြောင့် မိမိတို့တာဝန်ရှိသူများအနေနဲ့ ကြီးစွာသောသတိဖြင့် အလေးအနက်ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်မှ မေးခွန်းများမေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များကို မင်္ဂလာ အပေါင်းနဲ့ခညောင်းကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်

တောင်ပိုင်း၊ ညောင်ရွှေမဲဆန္ဒနယ်၊ အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြထားတဲ့ ရွှေ့ပြောင်းတောင်ယာများကို နေရာအတည်တကျ စိုက်ပျိုးနိုင်ရန် သတ်မှတ်ပေးနိုင်ပါသလား။ သို့မဟုတ် နှုန်းမြေဝင်ရောက်မှုနည်းပါးစေရန် မည်ကဲ့သို့ ဆောင်ရွက်သင့်ပါသနည်း။ အင်လေးကန် စိမ်းလန်းစိုပြေရေးအတွက် သိလိုခြင်းဖြစ်ပါသည် ဆိုသောမေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ညနေတွင် ယင်းအမျိုးသားရေးရာဝန်ကြီး ညောင်ရွှေမှနေပြည်တော်သို့ ရောက်ရှိလာပြီး သစ်တောများပြုန်းတီးမှု၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှုများကို ယခုအခါ သစ်တောဦးစီးဌာနအနေဖြင့် အင်းလေးကန်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်းသိရပါတယ်။ သစ်တော စိုက်ခင်းတည်ထောင်ခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းရေးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းများ တည်ထောင် နေကြပြီဖြစ်ကြောင်း ဝမ်းမြောက်စွာ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ရွှေ့ပြောင်းတောင်ယာများကို နေရာ အတည်တကျ စိုက်ပျိုးနိုင်ရန် သတ်မှတ်ပေးနိုင်ပါသလား။ သို့မဟုတ် နှုန်းမြေဝင်ရောက်မှုနည်းပါး စေရန် မည်ကဲ့သို့ဆောင်ရွက်သင့်ပါသနည်း။ အင်လေးကန် စိမ်းလန်းစိုပြေရေးအတွက် သိလိုခြင်း ဖြစ်ပါသည် ဆိုသောမေးခွန်းအားပြန်လည် ရုပ်သိမ်းခွင့်ပြုပါရန်နဲ့ လွှတ်တော်မှ မှတ်တမ်းတင်ပေးထား ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ အားလုံးကိုယ်စားလှယ်တော်များ၊ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမဲဆန္ဒနယ်၊ အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ နောက်မေးခွန်းတစ်ခုကို ဆက်မေးခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ အင်းလေးဒေသ၊ ပင်းတယ ရွှေဥမင်ဘုရားနှင့် တောင်ကြီး မွေတော်ကက္ကူဘုရားစသည့် နေရာဒေသများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အပါအဝင် နိုင်ငံခြားသားအတွက် စိတ်ဝင်စားဖွယ်ရာနေရာဒေသများ ဖြစ်ပါသည်။ အဆိုပါနေရာဒေသများ အနက် ရွှေဥမင်ဘုရားနှင့် တောင်ကြီးမွေတော်ကက္ကူဘုရားများသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားဧည့်သည်တော်များထံမှ ကောက်ခံရရှိသော Entrance Fees များကို သက်ဆိုင်ရာ ဘုရားဂေါပကအဖွဲ့များမှ တာဝန်ယူထိန်းသိမ်းထားရှိသည့် ဘုရားနှင့်ပတ်သက်သည့် ကိစ္စအဝဝတွင် တာဝန်ခံ၍ အသုံးပြုကြကြောင်း သိရပါသည်။ သို့ဖြစ်ပါ၍ ပထမမေးခွန်းအဖြစ် အင်းလေးဒေသ

အတွက် Entrance Fees ကို မည်သို့မည်ပုံ စီမံဆောင်ရွက်နေသည်ကို ဆိုသည်ကိုသိလိုပါသည်။ ဒုတိယမေးခွန်းမှာ အင်းလေးကန်မတိမ်ကောစေရေးလုပ်ငန်းရပ်များနှင့် အင်းလေးကန် ပတ်ဝန်းကျင် စိမ်းလန်းစိုပြေစေရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများတွင် Entrance Fees ကို စနစ်တကျ အသုံးပြု သွားမည်ဆိုပါက အင်းလေးကန်နှင့် ပတ်သက်သည့်လုပ်ငန်းရပ်များတွင် ယခုထက်ပို၍ ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။ ပို၍ထိရောက်အောင်မြင်ဖွယ်ရာလည်းရှိပါသည်။ သို့ဖြစ်၍ အင်းလေးကန်နဲ့ ပတ်သက်သည့် Entrance Fees ကို အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အဓိကထားပြီး အသုံးပြု၍ ရနိုင်၊ မရနိုင်ဆိုသည်ကို သိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေမှမေးသွားသော ဒုတိယမေးခွန်းအပေါ်မှာ ကျွန်တော်တို့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် (၁၅/၁၉၈၅)ဖြင့် အင်းလေးကန်ရဲ့ ရေပြင်အပါအဝင် ဧရိယာအကျယ်အဝန်း ၁၅၈၆၂၀ ဧကကို အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သဘာဝနယ်မြေအဖြစ်သတ်မှတ်ပြီးတော့ထိန်းသိမ်းလျက်ရှိပါတယ်။ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ပြည်တွင်း၊ ပြည်ပမှခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှု ကြတဲ့အတွက်၊ ကြည့်ရှုမှုအတွက် မိမိတို့ဝန်ကြီးဌာနလက်အောက်မှာရှိသော သစ်တောဦးစီးဌာန အနေဖြင့်တော့ မည်သည့်အခွန်အခမှ ကောက်ခံခြင်းမရှိပါကြောင်းနဲ့ ဇုန်ဝင်ကြေးအဖြစ် ပြည်နယ် အစီအမံဖြင့်သာ ကောက်ခံမှုရှိကြောင်းသိရှိရပါတယ်။ ဦးဝင်းဆွေမေးမြန်းထားတဲ့ အင်းလေးကန်နဲ့ ပတ်သက်တဲ့ Entrance Fees ကို အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများမှ အဓိကထား အသုံးပြု၍ ရနိုင်၊ မရနိုင်ဆိုခြင်းမှာ သက်ဆိုင်ရာပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းက ညှိနှိုင်းဆုံးဖြတ်ရမယ့်ကိစ္စ တစ်ခု ဖြစ်ပါတယ်ခင်ဗျား။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေ နဲ့တော့ဖြစ်ရင် နိုင်ငံအဆင့်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်များရေးဆွဲပြီး နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ခွဲဝေချထားပေးမှုအပြင် နိုင်ငံတကာအစိုးရဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့ ထိန်းသိမ်းရေးလုပ်ငန်းအတွက်နည်းပညာ၊ ငွေကြေးအကူအညီအထောက်အပံ့များ ရှာဖွေစုဆောင်းကာ အင်းလေးကန်ရေရှည်တည်တံ့စေရန်

ထိန်းသိမ်း၍ လုပ်ငန်းစီမံကိန်းများကို တိုးမြှင့်အကောင်အထည် ဖော်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးလွင်ဦး၊ သံလျင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလွင်ဦး(သံလျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သံလျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်မီးလင်းရေးနဲ့ပတ်သက်လို့ မေးခွန်းနှစ်ခု မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းနှစ်ခုကို တစ်ဆက်တစ်စပ်တည်း မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ကတော ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာမှာ ၁၉၉၀ ခုနှစ်ကစပြီးတော့ လျှပ်စစ်မီးရရှိခဲ့ပါတယ်။ ၁၉၉၅ ခုနှစ် နောက်ပိုင်း သစ်သားတိုင်များ ပြိုလဲပျက်စီးပြီးတော့ လျှပ်စစ်မီးရရှိမှုပြတ်တောက်သွားခဲ့ရပါတယ်။ သို့ပါ၍ ဝါးဘလောက်သောက်ကျေးရွာမှာ လျှပ်စစ်မီးပြန်လည်ရရှိရန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သည့်ကာလတွင်ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့ကတော့ အခုအခါမှာ နိုင်ငံတော်မှာ လျှပ်စစ်ဓာတ်အားတိုးချဲ့ထုတ်လုပ်နိုင်ပြီဖြစ်သဖြင့် မြို့များတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးသုံးစွဲနိုင်ပြီးဖြစ်ပြီး ကျေးလက်နေပြည်သူများက ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် လိုလားတောင်းတလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ သံလျင်မြို့နယ်အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ကျေးရွာအုပ်စု ၄၃ ခုတွင် ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သည့်ကာလတွင်ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကိုသိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သံလျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး မေးမြန်းလာသော မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ပထမမေးခွန်းဖြစ်တဲ့ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်ကျေးရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဖို့အတွက် ၁၉၉၂ ခုနှစ်မှာ နိုင်ငံတော်မှ ၁၀၀ ကေဗွီအေ ထရန်စဖော်မာနဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၉.၅ မိုင်အတွက် လိုအပ်သည့်လိုင်းကြိုး၊ ကြွေသီးများကျခံပြီး ကျေးရွာပြည်သူလူထုက ဓာတ်တိုင်နဲ့ သစ်သားလက်တန်းများကို ကိုယ့်အားကိုယ်ကိုး စိုက်ထုတ်တည်ဆောက် ဓာတ်အားပေးခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှာ လေပြင်းဒဏ်ခံရတဲ့အတွက် မူလတည်ဆောက်စဉ် အသုံးပြုခဲ့တဲ့ တိုင် ၂၄၇ တိုင်အနက် ၁၉၇ တိုင်ပျက်စီးသွားတဲ့အခါ ကျေးရွာက ဓာတ်တိုင်ပြန်လည် အစားထိုးစိုက်ထူမှုမပြုလုပ်နိုင်တဲ့အတွက် ဓာတ်အားလိုင်းကြိုးများကို ဌာနမှပြန်ယူသိမ်းဆည်းထားပေးခဲ့ပါတယ်။ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေနဲ့ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနဲ့ အစားထိုးတပ်ဆင်ရေးလုပ်ငန်းများကို ရန်ပုံငွေခွင့်ပြုနိုင်မှုအခြေအနေအရ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ အခု ဝါးဘလောက်သောက်ကျေးရွာအတွက် ဓာတ်တိုင်များ ပြန်လည်အစားထိုးတည်ဆောက်မှုကိုလည်း ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဦးစားပေးအလိုက် လျာထားဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ သံလျင်မြို့နယ်နဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ သံလျင်မြို့နယ်အပါအဝင် မြို့အားလုံးကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး ကျေးရွာ ၂၁၁၄ ရွာရှိတဲ့အနက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလိုင်းနဲ့ ဆက်သွယ်ပေးရန်လွယ်ကူတဲ့ ကျေးရွာ ၃၂၃ ရွာကိုလည်း မီးလင်း ပေးပြီးဖြစ်ပါတယ်။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေနဲ့ ၂၀၀၆ ခုနှစ်တွင် ကျေးရွာ ၈၀ ရွာကို ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး နှစ်အလိုက်ကျေးရွာများအား တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာမှာ ၂၀၁၁ ခုနှစ်အထိ အရှေ့ပိုင်းခရိုင်မှာ ကျေးရွာကိုးရွာ၊ အနောက်ပိုင်းခရိုင်မှာ ကျေးရွာ ခြောက်ရွာ၊ တောင်ပိုင်းခရိုင်မှာ ကျေးရွာ ၁၂၁ ရွာနှင့် မြောက်ပိုင်းခရိုင်မှာ ကျေးရွာ ၁၈၇ ရွာ၊ စုစုပေါင်း ကျေးရွာ ၃၂၃ ရွာ တို့ကို လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ လောလောဆယ်မှာ တောင်ပိုင်းခရိုင်အတွင်း ကျေးရွာမီးလင်းရေးဆောင်ရွက်ဆဲ ကျေးရွာ ၂၂ ရွာရှိပါတယ်။ အဲဒီရွာများက တော့ သံလျင်မြို့နယ်မှ ကရင်ဆိပ်၊ ဘော့သပြေကန်ရွာ၊ ခရိုင်မြို့နယ်မှ ရွှေဘိုစု၊ ဒေးပေါက်၊ တမံကြီး၊ မကျည်းကန်ရွာ၊ သုံးခွမြို့နယ်မှ ပျဉ်းမကန်၊ ရေပေါ်ကန်၊ တာကော၊ ဆင်ခိုး၊ သူကြီးပတုတ်၊ မုဒိတာရွာ၊ ကျောက်တန်းမြို့နယ်မှ ဖွဲ့ဘာကုန်းတန်း၊ ပန်းတော၊ တွံတေးမြို့နယ်မှ လာကပုံ၊ အလတ်ချောင်း၊ ပေါက်တော၊ ကွမ်းခြံကုန်းမြို့နယ်မှ ဝက်ကိုက်၊ ကောဒွန်း၊ ကမာပါရွာ ကော့မှူးမြို့နယ်မှ မဆယ်ဆိတ်၊

တံတားမြို့နယ်ခွဲမှ စင်မကော်ရွာတို့ပါဝင်ပါတယ်။ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဟာ ဓာတ်အားဖြန့်ဖြူးရေးစနစ် တိုးချဲ့တည်ဆောက်အကောင်အထည်ဖော်ရာမှာ ကျေးရွာမီးလင်းကိစ္စများ ကိုလည်း နှစ်စဉ်ခွင့်ပြုရရှိတဲ့ ရန်ပုံငွေအခြေအနေအရ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရန်ပုံငွေ ခွင့်ပြုအနေအထားအရ ဆောင်ရွက်ပေးနိုင်မယ့်အခြေအနေထက် ဆောလျင်စွာ ဓာတ်အားရရှိလိုပါက ဒေသ အာဏာပိုင်တို့ရဲ့ ခွင့်ပြုထောက်ခံချက်ရယူပြီး ပြည်သူလူထု၏ ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးများမှ တစ်ဆင့် လျှောက်ထားရမှာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျေးရွာ မီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနဲ့ ကိုက်ညီတဲ့ကျေးရွာများကို မီးလင်းရေးခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်တဲ့နည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း ပြန်လည်ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်ရှိ ပရွတ်ကျေးရွာ၊ လမုကျေးရွာ၊ စန္ဒယော်ကျေးရွာ၊ မငေးစုကျေးရွာ၊ မရွှေဥကျေးရွာ၊ ရေစိုကျေးရွာ၊ ပန်းတိုင်ကျေးရွာ၊ ထိန်နှစ်ပင်ကျေးရွာ၊ ဒိတ်ကုန်းကျေးရွာ၊ လမုတန်းကျေးရွာတို့မှာ လှိုင်သာယာနှင့် ညောင်တုန်းသို့ သွယ်တန်းထားသော ၃၃ ကေဗွီ၊ ၁၁ ကေဗွီ လျှပ်စစ်မီးကြိုးအောက်တွင် တည်ရှိနေကြပါတယ်။ အဆိုပါရွာများသည် လျှပ်စစ်မီးလင်းရေးကို မျှော်လင့်တောင့်တလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးအတွက် ထန်းတပင်မြို့နယ်အတွင်းရှိ အဆိုပါကျေးရွာ ၁၀ ရွာ အား ကျေးလက်ဒေသမီးလင်းရေး အစီအစဉ်ရှိ၊ မရှိ သိလိုပါတယ်။ ဆောင်ရွက်ရန် အစီအစဉ်ရှိပါက မည်သည့်အချိန်ဆောင်ရွက်ပေးမည်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးသောင်း၊ မော်လိုက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ ကိုယ်စိတ် နှစ်ပါးကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မော်လိုက်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မော်လိုက်မြို့ဟာ ၁၉၁၆ ခုနှစ်က စပြီးတော့မှ မြို့တည်ထောင်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီးတော့မှ ခြောက်မြို့နယ်စုပေါင်းပြီးတော့မှ ခရိုင်အဖြစ်သတ်မှတ်ထားပါတယ်။ ၁၉၉၄ ကစပြီးတော့မှ ခြောက်မြို့နယ်ကို ကျွန်တော်တို့ ခွဲပြီးတော့မှ မော်လိုက်နဲ့ ဖောင်းပြင်နှစ်မျိုးကိုပေါင်းပြီး ခရိုင်မြို့နယ်အဖြစ် သတ်မှတ်ထားတာဖြစ်ပါတယ်။

ကျွန်တော်တို့ မော်လိုက်မြို့နယ်မှာဆိုရင် ၁၉၈၉ ခုနှစ်မှစပြီးတော့မှ ၂၀၁၀ အထိ ကောလင်းမြို့နယ်မှ မော်လိုက်မြို့သို့ ပြောင်းရွှေ့ပြီးတော့မှ ၆၀၈ ကေဗွီ ဒီဇယ်အင်ဂျင်စက် အဟောင်းကြီးနဲ့မီးပေးခဲ့ပါတယ်။ တစ်ညမှာ ၃ နာရီလောက်ရပါတယ်။ ပျက်သည့်ည၊ ပျက်သည့်နေ့တွေက များပါတယ်။ စက်ကြီးမှာ ဟောင်းနွမ်းပြီးတော့ နှစ်ပေါင်း ၆၀ ကျော်ရှိပြီလို့ သိရှိရပါတယ်။ ကျွန်တော်တို့စက်ကြီးရဲ့ ပထမစလင်ဒါဖြစ်တဲ့ စလင်ဒါဘဲဥပုံဖြစ်ပြီးတော့မှ မကြာခဏပန်းတိမ်ပျော်ပြီး စက်ဟာ မောင်းမရဖြစ်ဖြစ်သွားပါတယ်။ ယခင်က စက်အသစ်တစ်လုံးကို အစားထိုးပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ စာတင်ပြီးတောင်းထားပြီးကြောင်းလည်းသိရှိရပါတယ်။ စက်အသစ်မရရှိတဲ့အတွက် မြို့နယ်လူထုနဲ့ ကျောင်းသူကျောင်းသားများဟာ မီးနဲ့ပတ်သက်ပြီးတော့ ညအချိန်ဒုက္ခရောက်နေတာ တွေ့ရှိရပါတယ်။ ဖယောင်းတိုင်တစ်ထုပ်ကို ကျွန်တော်တို့ ၆၀၀ မှ ၉၀၀ ထိဝယ်ပြီးတော့မှ မြို့လူထုနဲ့ ကျောင်းသူ ကျောင်းသားတွေဟာဆိုလို့ရှိရင် အသုံးချနေကြရတယ်ဆိုတာကို တွေ့ရှိရပါတယ်။ လျှပ်စစ်မီးမရတဲ့အတွက် ဒုက္ခအမျိုးမျိုး တွေ့ရှိနေရပါတယ်ခင်ဗျား။ ၂၀၁၀ ခုနှစ် တစ်မြို့လုံးမီတာ အလုံးရေ ၅၉၆ လုံးရှိပါတယ်။ ၅၉၆ လုံးရှိတာကို ကျွန်တော်တို့ မြို့မိ၊ မြို့ဖများအနေနဲ့ တစ်အိမ်လျှင် ၂၇၀၀၀ ကောက်ပြီးတော့မှ ကျွန်တော်တို့ တိုင်းမှူးရဲ့အစီအစဥ်နဲ့ ၃၀၀ ကေဗွီအေ စက်တစ်လုံးကို ဝယ်ယူအစားထိုး ကျွန်တော်တို့ လည်ပတ်ခဲ့ပါတယ်။ အဲဒီလိုလည်ပတ်တဲ့အခါမှာလည်းပဲ ပထမမြို့လူထုကကြီးကြပ်တဲ့အချိန်မှာ ၆ လခန့်တော့ကျွန်တော်တို့ လျှပ်စစ်မီးကောင်းကောင်းရပါတယ်။ မြို့လူထုကလည်း ကြီးကြပ်မှုအားနည်းသွားတဲ့အခါကျတော့ တစ်နေ့မှာ နှစ်နာရီလောက်ပဲရပါတယ်။ တစ်ခါတစ်ရံ တစ်နာရီလောက်ပဲရရှိပါတယ်။ ကျွန်တော်တို့ မော်လိုက်မြို့နယ်ဟာဆိုလို့ရှိရင် ခရိုင် အဆင့်ရှိပေမယ့်လို့ ခရိုင်အဆင့်သတ်မှတ်ထားတဲ့ အခြေအနေမျိုးမရှိပါဘူး။ လျှပ်စစ်မီးမရတဲ့အတွက် လုပ်သားပြည်သူတို့ဟာဆိုလို့ရှိရင် ညအချိန်သွားလာမှုဒုက္ခဆင်းရဲတွေ့ရပါတယ်။ ကျောင်းသူကျောင်းသားတွေဟာ စာကျက်တဲ့အခါမှာ မီးဒုက္ခရောက်ရှိရပါတယ်။ မြို့ပေါ်ရှိလုပ်သားပြည်သူတွေမှာလည်း လုံခြုံရေးနဲ့ပတ်သက်ပြီး ဒုက္ခတွေ့ရှိရပါတယ်။ ကျွန်တော်တို့အခြားဒုက္ခများလည်း တွေ့ရှိ

နေရပါတယ်။ မီးလောင်မှုအန္တရာယ်လည်း ဖြစ်လာနိုင်ပါတယ်။ ယခုပေးနေသည့် လျှပ်စစ်မီးမှာ သရက်ကုန်းရပ်ကွက်၊ ဆည်တော်ရပ်ကွက်တွေမှာဆိုလို့ရှိရင် ကျွန်တော်တို့မီးလင်းဖို့က ၆၅ ဗို့ပဲ ရှိပါတယ်။ တကယ်ကြည့်မယ်ဆိုရင် ဆေးလိပ်မီးသာသာပဲရှိပါတယ်။ လျှပ်စစ်မီး၊ တီဗွီကြည့်လို့လည်း မရဘူး။ အစိုးရသတင်းများကိုလည်း နားထောင်လို့မရပါဘူး။ မော်လိုက်မြို့ဟာ ခရိုင်အဆင့်ရှိသော် လည်းပဲ အစစအရာရာဖွံ့ဖြိုးတိုးတက်မှု အားနည်းသောမြို့တစ်ခုဖြစ်ပါတယ်။ ကျေးရွာအဆင့်တောင်မှ လျှပ်စစ်မီးပေးတဲ့ အဆင့်မျိုးမရှိပါဘူး။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာလျှပ်စစ်ဝန်ကြီးဌာနသို့ မော်လိုက်မြို့လျှပ်စစ်မီးပေးရေးအတွက် ယခု လက်ရှိ ၃၅၀၊ ၃၅၀၊ ၃၀၀ ကေဗွီအေရှိတဲ့စက်က မလုံလောက်တဲ့အတွက် နောက်ထပ် ၁၅၀ ကေဗွီအား ရှိတဲ့ ဒီဇယ်အင်ဂျင်တစ်လုံးကို အစိုးရမှ အင်အားဖြည့်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုပါတယ်။ နောက်တစ်ချက်က စက်အင်အားဖြည့်ပေးမယ်ဆိုလို့ရှိရင် မည်သည့်ကာလအတွင်းမှာ ကျွန်တော်တို့ စက်အင်အားဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့တကွ ကြွရောက်လာကြတဲ့ဧည့်သည်တော် ကြီးများခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပြီးတော့ လိုရာဆန္ဒပြည့်ဝ ပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်က ဦးဉာဏ်ဆွေဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စောစောကလိုပဲ လျှပ်စစ်မီးရရှိရေးနဲ့ပတ်သက်တဲ့ ကိစ္စလေးကို တင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်း ဒေသကြီး၊ ကျောက်ကြီးမြို့နယ်မှာ မြို့နယ်ခွဲအဆင့်ရှိတဲ့ မုန်းမြို့ဟာ ရပ်ကွက် ၁၁ ခု၊ အိမ်ထောင်စု ၂၁၀၀ ရှိပြီးတော့ အစိုးရအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်းနဲ့ နယ်မြေခံတပ်ရင်းကြီး နှစ်ရင်း၊ ရှေ့တန်းစစ်ဗျူဟာကွက်ကဲမှု ဌာနချုပ်များရှိတဲ့ ကျယ်ပြန့်တဲ့ဒေသတစ်ခုဖြစ်ပါတယ်။ လက်ရှိ အခြေအနေအရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ မုန်းမြို့နယ်ခွဲမှာ နှစ်ပေါင်းသုံးဆယ် ငါးနှစ်ကျော် နှစ်လေးဆယ်နီးပါးခန့် ဌာနအနေနဲ့ အခြေစိုက်ပြီးတော့ စကိုဒါ ၁၀၀ ကေဗွီ မီးစက်ဟောင်းတစ်လုံးကိုအသုံးပြုပြီးတော့ မြို့ပေါ်ရပ်ကွက်လေးခု၊ လျှပ်စစ်မီတာ ၂၃၅ လုံးတို့နဲ့ ည ၇ နာရီကနေ ၉ နာရီထိညပိုင်း နှစ်နာရီခန့်သာ လျှပ်စစ်မီးပေးနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့်

လည်းပဲ ကျွန်တော်တို့လစဉ် စက်သုံးဆီ ဒီဇယ်ဂါလံ ၄၀၀ ခန့် ကုန်ကျလျက်ရှိကြောင်းလည်းပဲ သိရှိရပါတယ်။ ဒီနေရာဟာ အင်မတန်လုံခြုံရေးအရ အရေးကြီးတဲ့ မဟာဗျူဟာအချက်အချာကျတဲ့နေရာဖြစ်တဲ့အပြင် နယ်မြေဖွံ့ဖြိုးရေးအတွက်လည်း ပဲခူးတိုင်းမှာနောက်အကျဆုံးဒေသတစ်ခုဖြစ်ပါတယ်။ လက်ရှိစက်ဒါစက်ဟာ အင်မတန်ဟောင်းနွမ်းနေတဲ့အတွက် ၇၀ ကေဗွီအေ အင်အားကိုပင် အနိုင်နိုင်ပေးနေရတဲ့အတွက် ကျန်တဲ့ရပ်ကွက်အများအပြားနဲ့ အစိုးရအဆောက်အဦ၊ တပ်ရင်းတပ်ဖွဲ့မိသားစုများကို ပေးနိုင်ခြင်းမရှိပါဘူး။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ ပဏာမတိုင်းတာချက်အရ ဖြူးမြို့ကမုန်းမြို့ထိ ၁၆ မိုင်အကွာအဝေးကို ဓာတ်အားလိုင်းမှ ဓာတ်မဟာလိုင်းမှ ၃၃/၁၁ ကေဗွီလိုင်းနဲ့ သွယ်တန်းပေးမည်ဖြစ်ကြောင်း ကြိုတင်ပြီးတော့ ကျွန်တော် သိရှိရပါတယ်။ တကယ်လို့မီးသွယ်တန်းရေးကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကဆောင်ရွက်မယ်ဆိုရင် မြို့ရွာမီးလင်းရေး၊ မြို့ရွာလုံခြုံရေးနဲ့ပတ်သက်လို့ ဖွံ့ဖြိုးရေးပါအထောက်အကူပြုပြီးတော့မှ ကျွန်တော်တို့ မုန်းမြို့နယ်ခွဲမီးလင်းရေးကော်မတီကလည်းပဲ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ငွေအား၊ လူအားနဲ့ပူးပေါင်းပြီးတော့မှ ပံ့ပိုးဆောင်ရွက်သွားဖို့ အစီအစဉ်များရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖြူးမြို့မှမုန်းမြို့သို့ ဓာတ်မဟာလိုင်းမှတဆင့် လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဖြူးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ နောက်တစ်ချက်ကတော့ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် လုပ်ငန်းစတင်ရန် အစီအစဉ်ရှိပါသနည်းလို့ သိရှိလိုကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးလှမြင့်ဦး၊ ပျဉ်းမနားမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလှမြင့်ဦး(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပျဉ်းမနားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် အရှေ့ပိုင်းဒေသဟာ တောင်ပေါ်ဒေသဖြစ်ပြီးတော့ ပထဝီအနေအထားအရ တော၊ တောင်ထူထပ်တဲ့ဒေသဖြစ်သော်လည်း နိုင်ငံတော်ရဲ့ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ကျွန်တော်တို့ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့ အထောက်အကူပြုဖြစ်တဲ့ မော်တော်ကားလမ်းတွေ၊ စာသင်ကျောင်းတွေ၊ ဆေးခန်းတွေနဲ့ ဘာသာရေးအဆောက်အအုံများစသဖြင့် စည်ကားလျက်ရှိပါတယ်။ နေပြည်တော်နဲ့လည်း လွယ်လွယ်ကူကူဆက်သွယ်သွားလာလို့ရရှိနေပါတယ်။ သို့သော်လည်း ဒေသရဲ့ပထဝီအနေအထားအရ အဆင်းအတက်များတဲ့ တောင်တန်း

ဒေသဖြစ်တဲ့အတွက်ကြောင့်မို့လို့ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးဟာ အခက်အခဲရှိနေဆဲဖြစ်ပါတယ်။ အခြေအနေပေးတဲ့တချို့ဒေသတွေမှာ အခြေအနေပေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် စေတနာရှင်တွေကနေပြီးတော့၊ စေတနာရှင်များကနေပြီးတော့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ခုတည်ဆောက်ခဲ့ပါတယ်။ ဒါ ကျွန်တော့်ဘေးမှာရှိနေတဲ့ စေတနာရှင်အစ်ကိုကြီးရဲ့ကျေးဇူးကြောင့် ရွာတစ်ရွာမှာဆိုလို့ရှိရင် လျှပ်စစ်ဓာတ်အားရရှိနေပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားစက်ရုံလေးနဲ့။ သို့သော်လည်း ဒေသအများအပြားမှာတော့ ဓာတ်အားလိုင်းသွယ်တန်းရရှိမှုအခက်အခဲကြောင့် လျှပ်စစ်ဓာတ်အားမရရှိဘဲ ဖြစ်နေပါတယ်။ နိုင်ငံတော်အနေနဲ့ အဆိုပါဒေသတစ်ဝိုက်မှာ မဂ္ဂါဝပ် ၁၄၀ ရှိတဲ့ အထက်ပေါင်းလောင်းလျှပ်စစ်စီမံကိန်း၊ နောက်မဂ္ဂါဝပ် ၄၀ ထွက်မယ့် ကျွန်တော်တို့ နမ်ချိုရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းများပြီးစီးတဲ့အခါမှာတော့ အနီးအနားတစ်ဝိုက်မှာရှိတဲ့ကျေးရွာများဟာ လျှပ်စစ်ဓာတ်အားရရှိနေမယ်လို့လည်း မျှော်လင့်နေကြပါတယ်။ ရရှိမယ်လို့လည်း ယုံကြည်နေကြပါတယ်။ သို့သော်လည်း ရေအားလျှပ်စစ်စီမံကိန်းနဲ့ဝေးတဲ့ ဆက်သွယ်မှုခက်ခဲတဲ့ရွာကြီးတချို့မှာတော့ လျှပ်စစ်ဓာတ်အားရရှိရန် အခက်အခဲရှိနေအုံးမှာ ဖြစ်ပါတယ်။ ဒီဒေသက ကျေးရွာကြီးတွေမှာ ကျွန်တော်တို့ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေးစက်တချို့ တပ်ဆင်ပေးနိုင်မယ်ဆိုလို့ရှိရင် ကျေးရွာအတွင်း အများနဲ့သက်ဆိုင်တဲ့နေရာ၊ ဒေသတချို့မှာ လျှပ်စစ်ဓာတ်အားရရှိနိုင်ပြီးတော့ လူမှုရေး၊ သတင်းဆက်သွယ်ရေး အပါအဝင် အကျိုးကျေးဇူးများရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားပေးစက်များ တပ်ဆင်ပေးနိုင်ဖို့ အနေအထားကိုလည်း သိရှိလိုကြပါတယ်။ သို့ပါ၍ ကျွန်တော်တို့ ပျဉ်းမနားမြို့အရှေ့ပိုင်း၊ တောင်ပေါ်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မည်သို့ စီစဉ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက မေးခွန်းများအား ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဒုတိယဝန်ကြီး၊ ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၏မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်း

ဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပရွတ်၊ လမု၊ စန္ဒယော်၊ ရေစို၊ မငေး၊ မရွှေဥနှင့် ပန်းတိုင်ကျေးရွာတို့မှာ ၃၃ ကေဗွီ၊ လှိုင်သာယာ-ညောင်တုန်းဓာတ်အားလိုင်းမှလည်းကောင်း၊ ဒိတ်ကုန်းနှင့်ထိန်နှစ်ပင်ကျေးရွာတို့အား၃၃ကေဗွီ၊ လှိုင်သာယာ-ရွှေလင်ဗန်း(အနောက်ပိုင်းတက္ကသိုလ်)ဓာတ်အားလိုင်းမှလည်းကောင်း ဆက်သွယ်ဓာတ်အားပေးရမှာဖြစ်တဲ့အတွက် စုစုပေါင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၀ မိုင်ခန့်နဲ့ ၃၃/၀.၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ ၂ လုံး၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၃ လုံးနဲ့ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၃ လုံး၊ စုစုပေါင်း ထရန်စဖော်မာ ၉ လုံးအပြင် အဆိုပါထရန်စဖော်မာအသီးသီးက ဓာတ်အားရယူသုံးစွဲလိုသူ အသီးသီးတို့၏ နေအိမ်များသို့ ၄၀၀ ဗို့နဲ့ ၂၃၀ ဗို့စတဲ့ ဗို့အားနိမ့် ဓာတ်အားလိုင်းများကိုလည်း ရွာအသီးသီးမှာတည်ရှိတဲ့ ရွာတွင်းလမ်းအခြေအနေအရ ထည့်သွင်းတည်ဆောက်ရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဟာ ဓာတ်အားဖြန့်ဖြူးရေးစနစ် တိုးချဲ့တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာမှာ ကျေးရွာမီးလင်းရေးကိစ္စရပ်များကိုလည်း နှစ်စဉ်ခွင့်ပြုရရှိသော ရန်ပုံငွေအခြေအနေအရ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရန်ပုံငွေခွင့်ပြုဆောင်ရွက်မှုအနေအထားအရ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေထက်ဆောလျင်စွာရရှိလိုပါက ဒေသအာဏာပိုင်များ၏ ခွင့်ပြုထောက်ခံချက်ရယူပြီး ပြည်သူလူထု၏ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးများမှတစ်ဆင့် လျှောက်ထားရမှာဖြစ်ပါတယ်။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျေးရွာမီးလင်းရေးအတွက် မူဘောင်သတ်မှတ်ချက်များနဲ့ ကိုက်ညီသည့် ကျေးရွာမီးလင်းရေးများကို ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သည့် နည်းပညာပိုင်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း၏ မေးမြန်းသောမေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့ကို ၆၀၈ ကေဗွီအေ စကိုဒါဓာတ်အားပေးစက် ၁ လုံး၊ ၃၀၀ ကေဗွီအေ ကမ်းမင်း ဓာတ်အားပေးစက် ၁ လုံး၊ ၇၅ ကေဗွီအေ နီဆန်းဓာတ်အားပေးစက် ၁ လုံးနဲ့ ၂၅ ကေဗွီအေ နီဘန် ဓာတ်အားပေးစက် ၁ လုံးတို့ဖြင့် မီးသုံးသူ ၆၀၉ ဦးကို လစဉ် ဒီဇယ်ဆီ ၁၂၅၀ ဂါလန်နဲ့ လက်ရှိမှာ တစ်ရက်ကို ၂ နာရီ မိနစ် ၃၀ ခန့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အတွင်းမှာ ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် အသစ် ၁ လုံးကို ထပ်မံဖြည့်ဆည်းပေးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်းမေးမြန်းလာသောမေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနှင့် ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ မုန်းမြို့နယ်ခွဲတွင် ၁၀၀ ကေဗွီအေစကိုဒါဓာတ်အားပေးစက် ၁ လုံး၊ ၃၆ ကေဗွီအေစကိုဒါဓာတ်အားပေးစက် ၁ လုံးတို့နဲ့ မီးသုံးသူ ၂၆၃ ဦးတို့အား နေ့စဉ် ၁၉ နာရီမှ ၂၁ နာရီထိ ၂ နာရီခန့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ မုန်းမြို့နယ်ခွဲသို့ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဖြူးမြို့မှာရှိသော ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှတစ်ဆင့် ၁၁ ကေဗွီအေဓာတ်အားလိုင်းအသစ် ၁၉ မိုင် တည်ဆောက်ပြီး မုန်းမြို့အတွင်း ၁၁/ဝ.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၃ လုံးနဲ့ ၄ဝဝ ဗို့ ဓာတ်အားလိုင်း ၃.၁၈ မိုင် တည်ဆောက်ဓာတ်အားပေးရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်လျာထားရရှိမှုအပေါ် ဦးစားပေးအစီအစဉ်အရ မူတည်ပြီး စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ နေပြည်တော်၊ ပျဉ်းမနားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး၏ မေးမြန်းသောမေးခွန်းနဲ့ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပျဉ်းမနားမြို့နယ်၊ အရှေ့ပိုင်းတောင်ပေါ်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပျဉ်းမနားမြို့၊ အရှေ့ဘက် ၂၆ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်မှာ လျှပ်စစ်ဓာတ်အား ၁၄ဝ မဂ္ဂါဝပ်ထွက်ရှိမယ့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ ပျဉ်းမနားမြို့၊ အရှေ့ဘက် ၁၆ မိုင်အကွာ နမ်ချိုချောင်းပေါ်မှာ ၄ဝ မဂ္ဂါဝပ်ထွက်ရှိမည့် နမ်ချိုရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလကုန်အထိ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှာ ၄၇.၂၇ ရာခိုင်နှုန်း၊ နမ်ချိုရေအားလျှပ်စစ်စီမံကိန်းမှာ ၆၇.၆၈ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်။ စီမံကိန်းနှစ်ခု စလုံး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးနိုင်မည်ဖြစ်ကြောင်း အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရှိရပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော ပျဉ်းမနားမြို့နယ် အရှေ့ပိုင်းတောင်ပေါ်ဒေသများအနက် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်၍ ဖြစ်ပေါ်လာမည့် ရေမြုပ်ဧရိယာမှာရှိသော ကျေးရွာ ၂၂ ရွာကို အထက်ဖော်ပြပါ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့်ဆက်စပ်၍ စီမံဆောင်ရွက်သွားရမည် ဖြစ်ပါတယ်။ အဆိုပါရေအားလျှပ်စစ်စီမံကိန်းများက နိုင်ငံတော်ဓာတ်အားစနစ်သို့ ၂၃ဝ ကေဗွီ မဟာဓာတ်အားလိုင်းနှင့်ပို့လွှတ်ရမှာဖြစ်ပြီး အဆိုပါရေအားလျှပ်စစ်စီမံကိန်းများတွင် ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားခွဲရုံ

များကိုပါ ထည့်သွင်းတည်ဆောက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားခွဲရုံမှ တစ်ဆင့် ထိန်ပင်ကျေးရွာအုပ်စု၊ ဖိုကုန်းကျေးရွာသို့ ၃၃ ကေဗွီဓာတ်အားလိုင်း မိုင် ၆၀ နဲ့ ၃၃/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်း၊ ၎င်းခွဲရုံမှရွာကြီးသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း မိုင် ၃၀၊ လိန်းလီသို့ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၀ မိုင်စသည်တို့ကို တည်ဆောက်ခြင်းဖြင့် ဖိုကုန်း ကျေးရွာအနီးတစ်ဝိုက် ၂၀ မိုင်ဝန်းကျင်သို့ ဓာတ်အားဖြန့်ဖြူးရမှာဖြစ်ပါတယ်။ အထက်ဖော်ပြပါ ရေမြုပ်ဧရိယာမှာရှိသော ကျေးရွာ ၂၂ ရွာကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရေအားလျှပ်စစ်စီမံကိန်းများနှင့်ဆက်စပ်ပြီး တာဝန်ယူဆောင်ရွက် သွားမှာဖြစ်ပါတယ်။ နည်းပညာပိုင်း၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲတည်ဆောက်ခြင်းလုပ်ငန်းများကို ကျွန်တော်တို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပူးပေါင်းတည်ဆောက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဓာတ်အားစနစ်မှဝေးကွာသော အခြားတင်ပြပါ တောင်ပေါ်ဒေသကျေးရွာများကို လည်း လတ်တလောအခြေအနေအားဖြင့် လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင် သုံးဓာတ်အားပေးစနစ်၊ ဇီဝဓာတ်ငွေ့သုံးစက်ရုံတည်ဆောက်၍ ဓာတ်အားပေးခြင်း၊ ဒီဇယ်ဓာတ်အား ပေးစက်တပ်ဆင်၍ ဓာတ်အားပေးခြင်းတို့ကို တိုင်းဒေသကြီးနှင့် သက်ဆိုင်ရာဒေသတို့၏ အစီအစဉ် ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လိုအပ်ပါက နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများအား ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြား ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ပြည်ထောင်စု ဒုတိယဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၃၃ အရ အရေးကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် အဆိုတင်သွင်းလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက စာဖြင့်ရေးသားတင်ပို့လာပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မိမိအနေ ဖြင့်လည်း မနေ့ကလွှတ်တော်အစည်းအဝေးမှာ အစပျိုးတင်ပြခဲ့တာရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်ဥက္ကဋ္ဌရဲ့ဆောင်ရွက်ချက်ကို တင်ပြရပါမယ်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့စွဲဖြင့် နာယကပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်းများအား စိစစ်ရေးနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက် ကိစ္စကို တင်ပြခဲ့ပါတယ်။ စာပါအကြောင်းအရာများကို ကျွန်တော် ဖတ်ကြားတင်ပြပါမယ်။ အကြောင်းအရာ။ ။ ဥပဒေကြမ်းများအား စိစစ်ရေးနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကိစ္စ (၁) ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်

အစည်းအဝေး တတိယနေ့၏ အစီအစဉ်(၁၃)တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ ဥပဒေကြမ်းပူးပေါင်းကော်မတီအား စိစစ်စေပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စရပ်များ ပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာခဲ့ပါသည်။ (၂) ယနေ့အစည်းအဝေးပြီးဆုံးချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့က ပြည်ထောင်စု၊ နာယက၏ အစီအစဉ်(၁၃)ပါ တင်ပြချက်နှင့် ဆုံးဖြတ်ချက်ရယူခြင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အတွက် လိုအပ်သလိုစိစစ်ဆောင်ရွက်ပေးပါရန်နှင့် လွှတ်တော်အခွင့်အရေးကော်မတီသို့တင်ပြခဲ့ကြောင်း သိရပါသည်။ လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်ရာတွင် ကိုယ်စားလှယ်များ၏တင်ပြချက်မှန်ကန်မှုရှိသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာရေးသားပေးပို့ခဲ့ပြီး လွှတ်တော်သို့လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုတင်သွင်းဆောင်ရွက်လိုကြောင်း တင်ပြခဲ့ပါသည်။ ပြည်သူ့လွှတ်တော်အနေဖြင့်လည်း လွှတ်တော်အခွင့်အရေးကော်မတီ၏ တင်ပြချက်နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်ဟု နာယက၊ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ပါတယ်။ ဒီကိစ္စကိုပဲ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ အရေးကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် အဆိုတင်သွင်းလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက စာဖြင့်ရေးသားပေးပို့လာပါတယ်။ ကိုယ်စားလှယ်တင်သွင်းသောအဆိုသည် လွှတ်တော်၏ဆုံးဖြတ်ချက်ရယူရန်လိုသောကိစ္စဖြစ်တဲ့အတွက် အဆိုကို လွှတ်တော်သို့ဖတ်ကြားတင်သွင်းရန် လွှတ်တော်အခွင့်အရေးကော်မတီ၊ အတွင်းရေးမှူး ဒေါက်တာစိုးရင်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်၊ အခွင့်အရေးကော်မတီ၊ အတွင်းရေးမှူး ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ဆုံးဖြတ်ခဲ့သော ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ

ဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရန်ဟူသည့် ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် သော်လည်းကောင်း ညီညွတ်မှုမရှိပါသဖြင့် ကန့်ကွက်ခွင့်ပြုပါရန်နှင့် အထက်ပါဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးပါရန်ဆိုတဲ့ အဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးအစီအစဉ် (၁၃)တွင် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရသည်ဖြစ်သော ဥပဒေကြမ်းများတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅ ၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်သမ္မတက သမ္မတလက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ ဥပဒေကြမ်းပူးပေါင်းကော်မတီက စိစစ်ရန် တာဝန်ပေးအပ်မှာဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီက စိစစ်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများပါဝင်သည်ဟု ယူဆပါက ယင်းဥပဒေကြမ်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂၊ ပုဒ်မခွဲ(က)(ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့၍စိစစ်ရန်လိုအပ်မှာဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့ပါတယ်။ လွှတ်တော်သို့တင်ပြပြီးနောက်တွင် ဆုံးဖြတ်ချက်ခံယူရာ၌ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ သံသယများရှိသောကိစ္စများပါဝင်ပါက ယင်းဥပဒေကြမ်းကို စိစစ်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရန် လွှတ်တော်၏အဆုံးအဖြတ် ရယူမည်ဖြစ်ကြောင်းပြောပြီး သဘောထားကို ရယူပါမယ်။ ထိုသို့ သဘောထားရယူရာတွင် သဘောတူပါသလားဟုသာမေးမြန်းပြီး ကန့်ကွက်သူ ရှိ၊ မရှိ မေးမြန်းခြင်း မပြုဘဲ အတည်ပြုခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထဲက ကန့်ကွက်လိုသူ၊ သဘောမတူသူများက မိမိတို့ဆန္ဒသဘောထားများကို တင်ပြခွင့်မရရှိခဲ့တာဖြစ်တဲ့အတွက်ကြောင့် အဆိုပါကိုယ်စားလှယ်များမှ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီသို့ စာများဖြင့် တင်ပြလာပါသည်။

ထိုသို့ တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီမှ ၃၀-၁၀-၂၀၁၁ ရက်နေ့တွင် လေ့လာစိစစ်ကြည့်ရာ အောက်ပါများကို စိစစ်တွေ့ရှိပါသည်-

(က) အစီအစဉ်(၁၃)တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းသည် အဆိုတစ်ရပ်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများ ပုဒ်မ ၆၀ တွင် မည်သူတို့က အဆိုတင်သွင်းနိုင်ခြင်း၊ ပုဒ်မ ၆၁ တွင် မည်သို့အဆိုတင်သွင်းရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ယခုဖြစ်ရပ်တွင် မည်သည့်ကိုယ်စားလှယ်ကမှ အဆိုအဖြစ်တင်သွင်းထားခြင်း မဟုတ်သဖြင့် ဥပဒေ၊ နည်းဥပဒေများဖြင့် မညီညွတ်ပါ။

(ခ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေအခန်း(၆)၊ ပုဒ်မ ၄၂၊ ၄၄၊ ၄၅ တို့အရ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုခွင့်အာဏာရှိပါသည်။ ထိုဥပဒေကြမ်းများကို နာယကသည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များရယူပြီးနောက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများ ပုဒ်မ ၁၀၆ အရ နိုင်ငံတော်သမ္မတထံသို့ လက်မှတ်ရေးထိုးရန်အတွက်သာ ပေးပို့ရမည်ဟုသာ ပြဋ္ဌာန်းထားပါသည်။

(ဂ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခံရုံး၏ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ တွင် ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အခန်း(၃)၊ ပုဒ်မ ၁၂ တွင် ခုံရုံး၏လုပ်ငန်းတာဝန်များကိုလည်း ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကိုသာလျှင် ခုံရုံးနည်းဥပဒေပုဒ်မ ၃(ခ)နှင့် ပုဒ်မ ၃(ဇ)တို့အရ ခုံရုံးကလက်ခံဆောင်ရွက်ခွင့်ရှိပါသည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်နာယက၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဥပဒေကြမ်းများကို စိစစ်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းသည် ခုံရုံးဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့် ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

(ဃ) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေးကို အကောင်အထည်ဖော်သည့်တာဝန်ကို ဆောင်ရွက်ရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း ၆ ပါ ခုံရုံး၏ စီရင်ဆုံးဖြတ်ရေးကဏ္ဍကို ဖော်ဆောင်ရသည့်တာဝန်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်နာယက၏ဆုံးဖြတ်ချက်သည် ဥပဒေပြုရေးကိစ္စဆောင်ရွက်ရာတွင် ခုံရုံးစီရင်ဆုံးဖြတ်ရေးကဏ္ဍကို ထည့်သွင်းလိုက်ခြင်းဖြစ်သည်ဟု သဘောထားရရှိပါတယ်။ ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်

ညီညွတ်ခြင်းရှိ၊ မရှိ သံသယများရှိသောကိစ္စ ပေါ်ပေါက်လာပါက ပြည်ထောင်စု လွှတ်တော်သို့သာ တင်သွင်းပြီး ညှိနှိုင်းဆောင်ရွက်ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဥပဒေ ပြဋ္ဌာန်းပြီးသည့်နောက် အငြင်းပွားမှုများပေါ်ပေါက်လာမှသာ ပြည်ထောင်စုအခြေခံ ဥပဒေခုံရုံးသို့ တင်သွင်းပြီး ခုံရုံးက စီရင်ဆုံးဖြတ်ပေးရမည် ဖြစ်ပါသည်။ ခုံရုံးသို့ တင်သွင်းခွင့်ရှိသူများကို ပုဒ်မ(၃၂၅)နှင့် (၃၂၆)တို့ဖြင့် ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။

( င) ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော် သမ္မတလက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများပါဝင်ပါက ယင်း ဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး သို့ပေးပို့ရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ကြောင်း ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်သော်လည်းကောင်း၊ အခြားသက်ဆိုင်သည့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်မှုမရှိသဖြင့် ယင်း ဆုံးဖြတ်ချက်အား ကန့်ကွက်သင့်ကြောင်းနှင့် အထက်ပါဆုံးဖြတ်ချက်အား ပယ်ဖျက် သင့်ပါကြောင်း ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီမှ စိစစ်တွေ့ရှိရပါတယ်။

၅။ သို့ဖြစ်ပါသောကြောင့် ပြည်ထောင်စုလွှတ်တော်နာယက၏ ၂၈-၁၀-၂၀၁၁ ရက်နေ့ အစည်းအဝေးအစီအစဉ်(၁၃) နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်အား ကန့်ကွက်ခွင့်ပြုပါ ရန်နှင့် အထက်ပါဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးပါရန်အဆိုကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အတည်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထောက်ခံဆွေးနွေးမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ကျောက်ဖြူ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ လို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ

အတွင်းရေးမှူးတင်သွင်းတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလို ထောက်ခံဆွေးနွေးတဲ့နေရာမှာ ကျွန်တော့်လိုပဲ ထောက်ခံဆွေးနွေးမယ့် ပုဂ္ဂိုလ်များ ရှိကြမှာ ဖြစ်တဲ့အတွက်ကြောင့် အကြောင်းအချင်းအရာအပိုင်းနဲ့ ဥပဒေပိုင်းဆိုပြီးတော့ အပိုင်းနှစ်ပိုင်း ကို အနည်းငယ်ခွဲခြားပြောဆို ဆွေးနွေးပါရစေ။ အခုအဆိုရှင်တင်ပြတဲ့ ဆွေးနွေးခဲ့တဲ့အချက် တွေမှာလည်း တော်တော်များများ အကြောင်းအချင်းအရာအရရော၊ ဥပဒေအရရော ပြည့်စုံနေပြီးဖြစ် ပါတယ်။ ၂၈-၁၀-၂၀၁၁ ရက်နေ့က ကျွန်တော်ဟာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို တက်ရောက်ခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့အတွက်ကြောင့် အစည်းအဝေးအစီအစဉ်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရတဲ့ အတွေ့အကြုံ ရှိပါတယ်။ အဲဒီနေ့က အစည်းအဝေးအစီအစဉ်နဲ့ပတ်သက်ပြီး တော့ အဆိုရှင်ရဲ့တင်ပြချက်မှာလည်း ပြည့်ပြည့်စုံစုံပါဝင်နေပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ ဟာ ဒီလွှတ်တော်ကြီးကို ရောက်လာကြတာ ဥပဒေပြုဖို့ရောက်လာကြတာပါ။ အဲဒီတော့ ကိုယ်စားလှယ် တွေရဲ့အခွင့်အရေးနဲ့ ကိုယ်စားလှယ်တွေရဲ့လုပ်ငန်းတာဝန်များ ဆုံးရှုံးခံရတယ်ဆိုတဲ့ အကြောင်းအချင်း အရာပိုင်းတစ်ပိုင်းပါသလို အဲဒီအဆုံးအဖြတ်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ရော တခြား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများလို ဥပဒေများနဲ့ရောဆန့်ကျင်တဲ့ လုပ်ဆောင်ချက် ဖြစ်တဲ့အတွက်ကြောင့် ဒီလိုလွဲမှားနေတဲ့ အချက်တွေကိုတော့ကား လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်တဲ့အတွက်ကြောင့် တာဝန်ရှိတဲ့ကျွန်တော်ဟာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှာ တာဝန် ပေးခံရတဲ့လူတစ်ဦးလည်းဖြစ်တယ်။ အဲဒီလိုတာဝန်ရှိတယ်လို့လည်း ယူဆတာတစ်ကြောင်း အဲဒါကြောင့် ဒီအခြေအနေတွေကို ထောက်ခံဆွေးနွေးရမယ့် အကြောင်းအချင်းအရာပိုင်းနဲ့ ကျွန်တော်တို့ တင်ပြရ လို့ရှိရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်မှာ မိမိတို့တင်ပြဆွေးနွေးနိုင်ခွင့် အခွင့်အရေးတွေ၊ ဆန္ဒပြုပိုင်ခွင့်အခွင့်အရေးတွေ အဲဒီနေ့က ဆုံးရှုံးခဲ့ရသလို ကျွန်တော်တို့ ဥပဒေ ပြုစုရမယ့် လွှတ်တော်ကိုယ်စားလှယ်တွေဟာ မိမိတို့ရဲ့တာဝန်ကို အပြီးအပိုင်မဆောင်ရွက်နိုင်မီ တရားစီရင်ရေးအဖွဲ့တွေရဲ့ လွှမ်းမိုးချုပ်ကိုင်မှုအောက်ကို အလိုလိုနေရင်းနဲ့ ရောက်သွားတဲ့အခြေအနေ တွေ ကျွန်တော်တို့ တွေ့ကြုံခဲ့ရပါတယ်။ ဒါက မဖြစ်သင့်တဲ့ အခြေအနေတွေပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဥပဒေပြုတဲ့အလုပ်ကို ထမ်းဆောင်ကြရပါတယ်။ တရားရုံးတွေဟာ တရားစီရင်တဲ့အလုပ်တွေကို ထမ်းဆောင်ကြရပါတယ်။ တရားရုံးတွေဟာ တရားစီရင်တဲ့အလုပ်တွေကို ဆောင်ရွက်ကြရပါတယ်။ ၂၈-၁၀-၂၀၁၁ နှစ်၊ ပြည်ထောင်စုလွှတ်တော် Agenda(၁၃)မှာဆိုရင် လွှတ်တော်နဲ့လွှတ်တော်ကိုယ်စားလှယ်တွေကို စောစောက ကျွန်တော် တင်ပြသလို တရားသူကြီးတွေရဲ့ လက်အောက်ကို ပို့ပေးလိုက်တဲ့အတွက်ကြောင့်

လွှတ်တော်ရဲ့ ဂုဏ်သိက္ခာသော်လည်းကောင်း၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဂုဏ်သိက္ခာတွေကိုသော်လည်းကောင်း၊ ဘာပဲဖြစ်ဖြစ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော နည်းအားဖြင့် သော်လည်းကောင်း၊ တစ်စုံတစ်ရာထိခိုက်စေတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ လွှတ်တော်တွေမှာ ဥပဒေပြုတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်အားလုံးကတော့ ဥပဒေပညာရှင် မဟုတ်ကြပေမယ့် ဥပဒေပြုဖို့တာဝန်ရှိကြတယ်လို့ ကိုယ်စားလှယ်အားလုံးမှာ ယုံကြည်ချက်၊ ခံယူချက်တွေ၊ အသိတွေရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာလည်း ဥပဒေကြမ်းကော်မတီ ဖွဲ့ပေးထားပါတယ်။ ဒီဥပဒေကြမ်းကော်မတီက ဘာတွေလုပ်ရလည်းဆိုတာလည်း လုပ်ငန်းနဲ့ တာဝန်တွေကို ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဓိကအလုပ်က ဥပဒေကြမ်းတွေကို ရေးဆွဲလာတဲ့အခါ ဒီဥပဒေကြမ်းတွေဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖြစ်စေ၊ တခြားတည်ဆဲဥပဒေနဲ့ဖြစ်စေ၊ ညီညွတ်မှုရှိသလား၊ မရှိဘူးလားဆိုတာကို ဆန်းစစ်ရပါတယ်။ အဲဒီလိုဆန်းစစ်ဖို့လည်း ကျွန်တော်တို့ တွဲကိုင်ရမယ့် စည်းမျဉ်းတွေ၊ ကျွန်တော်တို့မှာ စည်းကမ်းချက်တွေ ချမှတ်ခဲ့ကြပါတယ်။ လွှတ်တော်မှာ ကျွန်တော်တို့လုပ်ငန်း ၃ ရပ်ရှိပါတယ်။ စောစောကဆရာကြီး အဆိုရှင်တင်ပြသလိုပဲ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းဆိုတဲ့ အကြောင်းအချက် အားဖြင့် တကယ်ထင်ရှားရှိနေတဲ့ အချက်အလက်တွေပါ။ ဆိုလိုတာက ဥပဒေပြုရေးနဲ့ပတ်သက်လာလို့ ရှိရင် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရှိတယ်။ ဒီကော်မတီက ဘာတွေလုပ်ရမလဲဆိုတဲ့ ကျွန်တော်တို့ တာဝန်တွေ ရေးဆွဲပြဋ္ဌာန်းထားတာ ဥပဒေကြမ်းရေးဆွဲတဲ့အခါ၊ စိစစ်တဲ့အခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ကိုက်ညီရဲ့လား၊ အခြားတည်ဆဲဥပဒေနဲ့ ကိုက်ညီရဲ့လားဆိုတာကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက စိစစ်ပြီးတော့ လွှတ်တော်ကို တင်ပြရပါတယ်။ အဲဒီလိုတင်ပြတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်တွေက ထပ်မံပြီးတော့ဆွေးနွေး ဆုံးဖြတ်ကြရပါတယ်။

ဒါကျွန်တော်တို့ပြဋ္ဌာန်းထားရှိတဲ့ အကြောင်းအချင်းအရာအချက်အလက်တွေ ဥပဒေအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ တရားရုံးဆိုတာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆)တရားစီရင်ရေးကဏ္ဍမှာ ပါဝင်ကြပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပုဒ်မ ၁၁ မှာလည်း ဖော်ပြထားပါတယ်။ ကဏ္ဍကြီး ၃ ရပ် ရှိပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုပြီးတော့ ဥပဒေကဏ္ဍကြီး Three Organs ၃ ရပ်ရှိပါတယ်။ ဒီဥပဒေပြုရေးဆိုတာ ကျွန်တော်တို့ လွှတ်တော်အသီးသီးရဲ့တာဝန်ဖြစ်သလို တရားစီရင်ရေးကတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၆ မှာ ပါတဲ့တရားရုံးတွေရဲ့ လုပ်ငန်းတာဝန်တွေ ဖြစ်တယ်။ အဲဒီ ၁၃ ရက်နေ့က ဆုံးဖြတ်လိုက်တဲ့အဆုံးအဖြတ်ဟာ ကျွန်တော်တို့ ဥပဒေပြုရေးအာဏာနဲ့

ဥပဒေပြုရေးလုပ်ငန်းနဲ့ တရားစီရင်ရေးအာဏာ၊ တရားစီရင်ရေးအလုပ်တွေကို ရောထွေးလိုက်တဲ့အပြင် ကျွန်တော်တို့ ဥပဒေပြုရေးအလုပ်ကို တရားစီရင်ရေးအောက်ကို အလိုလိုပို့ပစ်လိုက်တဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကြီးကြီးမားမားဆန့်ကျင်သွားတာ တွေ့ရပါတယ်။ ဒါက အင်မတန် ဝမ်းနည်းစရာဖြစ်ခဲ့တဲ့ဖြစ်ရပ်မှန်ပါ။ နောက်တခြားဥပဒေနဲ့ ပတ်သက်ပြီးတော့ အဆိုရှင်ဆရာကြီးက ပြည့်ပြည့်စုံစုံပြောသွားတဲ့အတွက်ကြောင့် နည်းနည်းလေးတော့ ကျွန်တော် ထပ်ပြောပါမယ်။ ကျွန်တော်တို့ ဒီဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတာက ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပိုင်းခြားထားတဲ့ကဏ္ဍကြီး ၃ ရပ်ပါ။ ကျွန်တော်တို့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅ နဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့ဟာ ဆက်စပ်တဲ့အကြောင်းအချင်း အရာတွေကို ပြဋ္ဌာန်းထားပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်ကိုယ်စားလှယ်တွေ ပြုစုလိုက်တဲ့ဥပဒေကြမ်းတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅ အရ သမ္မတကြီးလက်မှတ်ရေးထိုးဖို့ ဥပဒေဟာတာဝန်ရှိသလို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၊ ပုဒ်မ ၁၀၆ အရ လမ်းညွှန်ထားပါတယ်။ အခုဖြစ်ခဲ့တဲ့အဖြစ်အပျက်ကတော့ကား ဒီ ဥပဒေပုဒ်မ ၁၀၅ နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့နဲ့ အဲဒီနေ့က ဆုံးဖြတ်ချက်တွေဟာ ဥပဒေအရ လွဲလွဲမှားမှားဖြစ်နေတဲ့အတွက်ကြောင့် ဒီဆုံးဖြတ်ချက်ကို ပြင်ဆင်ဖို့လိုပါတယ်။ ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လွဲမှားတဲ့လုပ်ရပ်ဖြစ်တဲ့အပြင် စောစောက ကျွန်တော်တင်ပြသလို ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုတဲ့ကဏ္ဍတွေကို ရောထွေးလိုက်တဲ့အတွက် ကြောင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လွန်စွာဆန့်ကျင်နေတဲ့ဖြစ်ရပ်လို့ ဥပဒေအချက်အလက်အား ဖြင့် ကျွန်တော် ကောက်နှုတ်ပြောပြလိုပါတယ်။ အဲဒီတော့ကား ဒီလို ကျွန်တော် တင်ပြဆွေးနွေးခြင်းဟာ နာယကကြီးကို ပုဂ္ဂိုလ်ရေးအားဖြင့်ပြောလိုတဲ့သဘောမျိုးမဟုတ်ပါဘူး။ ဒီလိုဥပဒေအရ လွဲလွဲမှားမှား ဖြစ်နေတဲ့ဟာကို ကျွန်တော်တို့ အချိန်မီကုစားဖို့ လိုပါတယ်။ ဒီလိုကုစားနိုင်အောင်လည်း အဲဒီနေ့ကပဲ ချက်ချင်း ကျွန်တော် တာဝန်ရှိတယ်လို့ယူဆရတဲ့ ကျွန်တော်တို့ထက် တာဝန်အရမြင့်မားတဲ့ပုဂ္ဂိုလ်တွေ ကို တင်ပြပြီးတော့ ဒီကိစ္စကိုဆောင်ရွက်ဖို့ ကျွန်တော်ပြောခဲ့ပါတယ်။ စာနဲ့လည်း ရေးသားပြီးတော့ တင်ပြခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင် တင်သွင်းတဲ့အဆိုကိုထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။(ဩဘာသံများ)

**ဦးသန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်လိုက်တဲ့ အမှတ်စဉ် ၁၃ နဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအရ မှားယွင်းကြောင်း ကျွန်တော် တင်ပြပါမယ်။ အရင်တုန်း

ကတော့ ဒီအမှတ်စဉ် ၁၃ အဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ကို ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၀(င)အရ ပြည်ထောင်စုလွှတ်တော်ကဆောင်ရွက်ရမယ့် ဒီလိုကိစ္စမျိုးဆိုရင် ဆွေးနွေးခြင်း အရင်လာပါတယ်။ ပြီးမှဆုံးဖြတ်ခြင်းလာပါတယ်။ ဆွေးနွေးခြင်း မရှိဘဲနဲ့ ဆုံးဖြတ်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေတယ်ဆိုတာကို ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြည်သူ့လွှတ်တော်ကတဆင့်ပေါ့ ပြည်ထောင်စုလွှတ်တော်နာယကကို တင်ပြရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့က အခြေခံဥပဒေကို လေးစားလိုက်နာပါမယ်ဆိုပြီးတော့ ကတိသစ္စာပြုထားလို့ပါ။ နောက်တစ်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂ မှာ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန်လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့က ပူးပေါင်းလေ့လာစိစစ်ပြီးယင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ၊ သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီဆိုတာ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ အဲဒီနည်းလမ်းအရ သတ်မှတ်ထားတဲ့နည်းလမ်းထဲမှာ ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ နည်းဥပဒေကို ပြန်ဖတ်ရင် ပြည်ထောင်စုလွှတ်တော်ကိုပဲ တင်ပြရပါတယ်။ ခုနက အဲဒီလိုမတင်ပြဘဲနဲ့ အခြေခံဥပဒေခုံရုံးကို သံသယရှိတဲ့အခါမှာ စိစစ်ဖို့ပေးပို့တာကိုက ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၀၂ ပါ ပြဋ္ဌာန်းချက်နဲ့ ကွဲလွဲနေပါတယ်။ အဲဒီလိုကွဲလွဲလို့ တကယ်လို့ ဒါမဖြစ်မနေဆောင်ရွက်ရမယ်ဆိုရင် ဒါလွှတ်တော်ကို ပွင့်ပွင့်လင်းလင်းတင်ပြရမှာ အခြေခံဥပဒေပြင်သင့်ပါပြီ။ ပြင်ဖို့လိုပါတယ်။ ၁၀၂ ကို ပြင်ပေးပါ။ သတ်မှတ်ထားတဲ့အညီဆိုတဲ့နေရာမှာ ဥပဒေကြမ်းကို အခြေခံဥပဒေခုံရုံးလို့ သံသယရှိက စိစစ်နိုင်ရန်ပေးပို့ခြင်းဆိုတာ ၁၀၂ မှာပြင်ရပါမယ်။ ပြင်မယ်ဆိုရင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၁၂ ပြဋ္ဌာန်းချက်အတိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းက သဘောတူပြီးတော့ ဥပဒေကြမ်းနဲ့ အခြေခံဥပဒေကိုပြင်ရမှာပါ။ အခု အင်မတန်လေးနက်တဲ့၊ အင်မတန်ကြီးမားတဲ့ အခြေခံဥပဒေဆိုင်ရာပြဿနာကြီးကို အစည်းအဝေးအစီအစဉ်မှာ အဲဒီနေ့မှာမှထည့်သွင်းပြီးတော့ ဆုံးဖြတ်လိုက်တဲ့အခါမှာ ကန့်ကွက်သူရှိပါသလားလို့ မမေးဘဲဆုံးဖြတ်လိုက်ခြင်းဟာ ကျွန်တော်တို့ ဒီနေ့ နိုင်ငံတကာမှာရော၊ ပြည်တွင်းမှာရော အများပြည်သူစိတ်ဝင်စားပြီးတော့ နိုင်ငံရေးအရ အဆင့်အတန်းအင်မတန်မြင့်မားနေတဲ့ ကျွန်တော်တို့ဒီ လွှတ်တော်နိုင်ငံရေးကို မေးခွန်းထုတ်စရာဖြစ်သွားပါတယ်။ အဲဒါကြောင့် နောက်တစ်ခါ ဥပဒေသမားတိုင်းသိတဲ့အချက်က ၁၀၂ နဲ့ ၃၂၂(ခ)၊ ၁၀၂ က အရင်လာပါတယ်။ ၃၂၂(ခ)ဆိုတာ ဒါတရားစီရင်ရေးကဏ္ဍထဲမှာ အခြေခံဥပဒေခုံရုံးအပါအဝင်

အစိတ်အပိုင်းတစ်ချို့ ပေးအပ်ထားတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒါကြောင့် ခုနက ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ချင်သလား။ ပြင်ဆင်နိုင်တဲ့အခန်း ၁၂ ပါအတိုင်းပြင်ပါ။ ဒါမှမဟုတ်လို့ရှိရင် ပြည်ထောင်စုလွှတ်တော်ရဲ့လုပ်ငန်း ပုဒ်မ ၈၀(င)မှာပြဋ္ဌာန်းတဲ့အတိုင်း ဘယ်လိုအဆိုမျိုးတင်ရင် ဆွေးနွေးခြင်းဆိုတာ မဖြစ်မနေလုပ်ရပါမယ်။ ဒါအခြေခံဥပဒေအရ ပြဋ္ဌာန်းပြီးသားပါ။ အဲဒီတော့ ခုန လွှတ်တော်အခွင့်အရေးကော်မတီက တင်ပြရတဲ့ကန့်ကွက်ကြောင်းနဲ့ ပယ်ဖျက်ကြောင်းအဆိုကို အထက်ပါဥပဒေပြဋ္ဌာန်းချက်တွေအရ ကျွန်တော် ထောက်ခံရတဲ့အပြင် နောက်တစ်ချက်ကတော့ ကျွန်တော် ဒါပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ဟာ ဒီအခြေခံဥပဒေကို ထိန်းသိမ်းပါမယ်လို့ လွှတ်တော်မှာ ကတိသစ္စာပြုထားပါတယ်။ ဒီကတိသစ္စာပြုတဲ့အတိုင်း ကျွန်တော်တို့က မလိုက်နာဘဲနဲ့ရောလိုက်မယ်ဆိုရင် ကျွန်တော် ကျမ်းစူးမှာအင်မတန်ကြောက်ပါတယ်။ ဒါကြောင့် ကျမ်းစူးမှာကြောက်လို့ကို ဒီ ၁၃ ရက်နေ့က ဒီပြည်ထောင်စုလွှတ်တော် နာယကဆုံးဖြတ်ခဲ့တဲ့အဆိုကို ကန့်ကွက်တယ်၊ ပြင်းပြင်းထန်ထန်ကန့်ကွက်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ အခြေခံဥပဒေကို ဆန့်ကျင်လို့ ပယ်ဖျက်ပေးဖို့ကိုလည်း ပြင်းပြင်းထန်ထန်တောင်းဆိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တဆင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံးကို လေးလေးစားစား ကျွန်တော် ဒီအဆိုကို အတည်ပြုအောင် အားလုံးဝိုင်းလုပ်ကြပါလို့ ကျွန်တော် ပန်ကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့တော့ ဥပဒေသမားတွေ၊ ရှေ့နေတွေ၊ ရှေ့နေတွေဆိုတော့လည်း သိတဲ့အတိုင်းပေါ့လေ။ ကဲ ဒါ့ကြောင့် အဆိုကိုထောက်ခံမယ့်၊ ဆွေးနွေးမယ့်လူရှိရင် ဖိတ်ခေါ်ပါ တယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်မကတော့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်ရဲ့အဆို ကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၂၈-၁၀-၂၀၁၁ ခုနှစ်မှာ ဒီ ပြည်ထောင်စုလွှတ်တော်က ကျင်းပတဲ့အစီအစဉ် ၁၃ နဲ့ပတ်သက်ပြီးမှ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ရဲ့ သဘောထားများ ရယူတဲ့အခါမှာ သဘောတူကြပါသလားလို့ မေးမြန်းခဲ့ပါတယ်။ နောက်တစ်ခါ သဘောမတူသူရှိပါသလားလို့ မေးမြန်းခဲ့ခြင်းမရှိပါဘူး။ ဒါကတော့ ကျွန်မတို့အားလုံး၊ တက်ရောက်တဲ့သူအားလုံး သိရှိခဲ့ပါတယ်။ ဒါကြောင့်မို့ သဘောမတူသူ၊ ကန့်ကွက်သူ ရှိ၊ မရှိ ဆိုတာကိုလုံးဝမသိရှိခဲ့ရပါဘူး။ ဒါကြောင့် ဒီပြည်ထောင်စုလွှတ်တော်ကို တင်ပြတဲ့ကိစ္စရပ်များနဲ့ပတ်သက်ပြီးမှ အငြင်းပွားမှု ရှိ၊ မရှိ

ဆိုတာကိုလည်း ကျွန်မတို့အနေနဲ့မသိရှိခဲ့ရပါဘူး။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ မှာ ပြဋ္ဌာန်းထားပါတယ်။ ဒီပုဒ်မမှာဆိုလို့ ရှိရင် ကျွန်မတို့ဟာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဟာ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းထားသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်းဆိုတဲ့အချက်အပြင် တခြားအချက်များကတော့ ကျွန်မတို့ အငြင်းပွားမှု များ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါဝင်တဲ့ ဥပဒေများနဲ့ပတ်သက်ပြီးမှ အငြင်းပွားမှုများကို အဓိကထား ဆုံးဖြတ်ရမယ့်တာဝန်ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့အနေနဲ့ ဒီခုံရုံးအနေနဲ့ ဒီဥပဒေများဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ဖို့တာဝန်ရှိပေမယ့် ဒီလိုစိစစ်ခြင်းနဲ့ပတ်သက်ပြီးမှ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဒီဥပဒေကြမ်းဟာ မညီညွတ်ပါဘူးလို့ ကန့်ကွက်သူရှိဖို့လိုပါတယ်။ အဲဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်ခြင်း ရှိ၊ မရှိ ကိုစိစစ်ပေးဖို့အဆို တင်သွင်းသူရှိရပါမယ်။ နောက်ပြီးမှ ခုန ဦးသိန်းညွန့်တင်ပြသွားသလိုပဲ ဒီအဆိုနဲ့ပတ်သက်ပြီးမှ ဆွေးနွေးတဲ့သူရှိရပါမယ်။ အဲဒီတော့ အဆိုတင်သွင်းသူ တစ်ဦးတစ်ယောက်လည်းမရှိဘူး၊ ကန့်ကွက်သူဦးရေလည်း ဘယ်သူ ရှိတယ်ဆိုတာလည်း မေးမြန်းခြင်း၊ ဆွေးနွေးခြင်းလည်း မရှိခဲ့ဘူး။ ကန့်ကွက်သူ ရှိ၊ မရှိလည်း မေးမြန်းခြင်းမရှိခဲ့ဘဲနဲ့ ဒီ အမှတ်စဉ် ၁၃ ပါ ဥပဒေကြမ်းကို ဒီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကနေမှ စိစစ်မေးဖို့အတွက် သံသယရှိစိစစ်မေးဖို့အတွက် ဆုံးဖြတ်ခဲ့ခြင်းဟာဆိုလို့ရှိရင်ဟာ မှားယွင်းတယ်လို့ ကျွန်မအနေနဲ့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့်မို့ ဒီကနေ့ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင် တင်သွင်းတဲ့အဆိုကို အလေးအနက် ထောက်ခံ ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆွေးနွေးမယ့်ပုဂ္ဂိုလ်အားဖိတ်ခေါ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ် နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေလို့ မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီမှ အတွင်းရေးမှူး ဒေါက်တာဦးစိုးရင် အဆိုပြုချက် ၂၈-၁၀-၂၀၁၁ ရက်နေ့စွဲပါ ပြည်ထောင်စုလွှတ်တော်အစီအစဉ်အမှတ်စဉ် ၁၃ တွင် ပါရှိသော ပြည်ထောင်စု လွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူ

ရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးကစိစစ်ပေးရေးနှင့် စပ်လျဉ်း၍ လွှတ်တော်က အဆုံးအဖြတ်ရယူခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီခြင်းမရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်းနဲ့ ပယ်ဖျက်ပေးရန်အဆိုတင်သွင်းချက်ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၈-၁၀-၂၀၁၁ ရက်နေ့က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယအစီအစဉ်အမှတ်စဉ် ၁၃ မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးစိစစ်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်တွင်ပါဝင်တဲ့ကိစ္စမှာ ဥပဒေနဲ့မညီတဲ့အတွက် ကျွန်တော့်အနေနဲ့ အကျိုးအကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။ အဲဒီအစီအစဉ် ၁၃ ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးအတွက်ပေးပို့ရန် ဥပဒေကြမ်းပူးပေါင်းရေးကော်မတီမှ ပြန်လည်စိစစ်ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ မည်သည့်ကိစ္စ စိစစ်ရမည်ကိုလည်း အစီအစဉ်မှာ ကျွန်တော်တို့ ပါရှိခြင်းမရှိပါဘူး။ ထိုသို့ မပါရှိပါလျက်ဘဲနဲ့ ပြည်ထောင်စုခုံရုံးအဖွဲ့ကို ပေးပို့ရမည်ဆိုသည်မှာ ဥပဒေအရရော၊ နည်းဥပဒေအရရော မှားယွင်းတယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ အဲဒီလိုဆုံးဖြတ်ချက်ချတဲ့ အခါမှာလည်းပဲ သဘောတူသလား၊ သဘောတူသလားဟု သုံးကြိမ်မေးပြီးတော့မှ ကျွန်တော်တို့ လွှတ်တော်မှာ ဆုံးဖြတ်ချက်ကို အတည်ပြုပြီးတော့ ရယူခဲ့ပါတယ်။ သဘောတူသူမရှိဘူးလား၊ ကြားနေမယ့်သူမရှိဘူးလားလို့ မေးမြန်းခြင်း ကျွန်တော်တို့ လုံးဝမရှိတဲ့အတွက် Fact of Law အရ ဥပဒေအကြောင်းအချင်းအရာအရ မှားယွင်းတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီ အစီအစဉ် အမှတ်စဉ် ၁၃ မှာ တကယ်တွက်မယ်ဆိုရင် အစီအစဉ် ၁၃ ဟာ အဆိုဖြစ်ပါတယ်။ အဆိုဖြစ်တယ်လို့လည်း ကျွန်တော်တို့ ယူဆရမှာဖြစ်ပါတယ်။ အဆိုဖြစ်တယ်ဆိုရင် ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၀ အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ ပုဒ်မ ၆၀(က)(ခ) ၂(ဂ)တို့အရ စည်းကမ်းတကျတင်သွင်းရမှာဖြစ်ပါတယ်။ ဒါ့အပြင်နည်းဥပဒေ ၆၁ နဲ့လည်းပဲ ညီညွတ်ရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကို နည်းလမ်းတကျတင်သွင်းပြီးပါကလည်း ထိုအဆိုကို ထောက်ခံမည့်ပုဂ္ဂိုလ်၊ ဝေဖန်ဆွေးနွေးအကြံပြုမည့်ပုဂ္ဂိုလ်များရှိရမှာဖြစ်ပါတယ်။ လွှတ်တော်ကထောက်ခံသူ၊ ကြားနေသူ၊ ကန့်ကွက်သူစသည်စသည်ဖြင့် လွှတ်တော်က ဆန္ဒရယူခြင်း မရှိဘဲ၊ မရှိသည့်အပြင် (က)အဆိုတင်သွင်းသူမရှိခြင်း၊ (ခ)ထောက်ခံသူမရှိခြင်း၊ (ဂ)ဆွေးနွေးသူ

အကြံပြုသူမရှိခြင်း၊ (ဃ)လွှတ်တော်နှစ်ရပ်လုံးက တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြဋ္ဌာန်းထားသော ဥပဒေကြမ်းကို သဘောထား ကွဲလွဲဆန့်ကျင်သူမရှိခြင်း၊ (င)ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂(င)အရ ညီညွတ်ခြင်းမရှိခြင်း၊ (စ)ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၀၆ အရ ပြည်သူ့လွှတ်တော်ဆုံးဖြတ်ချက်ကို သမ္မတထံသာပေးပို့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခုံရုံးကို ပေးပို့ရန်ပါရှိပါတယ်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားခြင်းလုံးဝမရှိပါဘူး။ (ဆ)ပြည်ထောင်စုလွှတ်တော်တွင် တစ်စုံတစ်ရာအငြင်းပွားခြင်း၊ သဘောထား ကွဲလွဲမှုမရှိခြင်း၊ (ဇ)ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၉(ဂ)အရနဲ့ ၁၅၉(ဂ)အရ လွှတ်တော်နှစ်ရပ်လုံးမှာ ဝိဝါဒကွဲခြင်း၊ သဘောထားကွဲလွဲခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်မှု မရှိခြင်းရှိမှသာလျှင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကိုတင်သွင်းရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာခုံရုံးကို ပို့ရမယ်လို့ ဥပဒေအရရော၊ နည်းဥပဒေအရရော ပြဋ္ဌာန်းချက်လုံးဝမရှိပါဘူး။ တကယ်တမ်းဆိုလို့ရှိရင် ဒီဆုံးဖြတ်ချက်ဟာ Problem of Law အရ ဥပဒေပြဿနာပေါ်ပေါက်မှ သာလျှင် ကျွန်တော်တို့ ဒါပြဋ္ဌာန်းပြီးမှသာလျှင် ကျွန်တော်တို့ ဒါ ခုံရုံးကိုပို့ရမှာ ဖြစ်ပါတယ်။ ဒီကနေ့ ဆုံးဖြတ်ချက်ချလိုက်ခြင်းဟာ ပြည်သူ့လွှတ်တော်အနေနဲ့ သော်လည်းကောင်း၊ အမျိုးသားလွှတ်တော် အနေနဲ့သော်လည်းကောင်း ခုံရုံးသို့ပေးပို့ရမည်ဟုမပါရှိပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေအရ မှားယွင်း တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တို့၊ အမျိုးသားလွှတ်တော်တို့ အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းများအား အယူအဆအဓိပ္ပာယ်ကွဲလွဲနေတယ်၊ တစ်ဦးနဲ့တစ်ဦး အငြင်းပွားနေတယ်၊ အငြင်းပွားရန် သံသယရှိတယ်ဆို၊ တစ်စုံတစ်ရာလည်းပဲဖြစ်ခြင်း မရှိပါဘူး။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်မှာ သဘောထားကွဲလွဲတာ မရှိပါဘူး။ မရှိပါဘဲလျက် ခုံရုံးကိုပို့ရမည့် ဆုံးဖြတ်ချက်ဟာ ဥပဒေအရ Facts of Law အရ မှားယွင်းပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂(ခ) အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့၍စိစစ်ရန် လိုအပ်မည်ဖြစ်ကြောင်း ကြိုတင်ဆုံးဖြတ်ချက်ရယူခြင်းမှာ ဥပဒေအရလုံးဝမှားပါတယ်လို့ ကျွန်တော်တို့ သုံးသပ်ရမှာဖြစ်ပါ တယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆိုလိုတာကတော့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂၊ ၃၂၂(ခ)အရ မူလပြဋ္ဌာန်းချက်ကို ကျွန်တော့်အနေနဲ့ တိုက်ရိုက် ဖတ်ကြားပြပါမယ်။ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်(ဝါ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်းရှိ၊ မရှိစိစစ်ရမှာ ဖြစ်ပါတယ်။ အကယ်၍ ကွဲလွဲမှုရှိရင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေသည်

ဥပဒေကြမ်းဖြစ်တဲ့အတွက် ပြဋ္ဌာန်းဥပဒေမဟုတ်သေးဘူးဆိုတာ ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။ နောက်တစ်ချက် ထပ်မံတင်ပြချင်တာကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ ခုံရုံး၏လုပ်ငန်းတာဝန်များ ပြဋ္ဌာန်းချက်ပုဒ်မ ၁၂(ခ)မှာလည်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂(ခ) နှင့်အတူတူ စာသားချင်းအတူတူ ဖြစ်ပါတယ်။ ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းခြင်းမပြုရသေးသော ဥပဒေကြမ်းကို သို့မဟုတ် အတည်မပြုရသေးသော ဥပဒေကြမ်းကို နိုင်ငံတော်ဖွဲ့စည်းပုံဆိုင်ရာခုံရုံးသို့ ပေးပို့စိစစ်ရန် လိုအပ်ကြောင်းကို ပြည်ထောင်စုလွှတ်တော်က ကြိုတင်ဆုံးဖြတ်ချက်ချခြင်းမှာ ဥပဒေအရ လုံးဝမှားယွင်းနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီဆုံးဖြတ်ချက်ကို Facts of Law အရ ပယ်ဖျက်ရမယ်ဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ၂၈-၁၀-၂၀၁၁ ရက်နေ့က အစီအစဉ် ၁၃ ဆုံးဖြတ်ချက်အရ သဘောထားတူပါသလားဆိုတာမေးပြီးတော့ ချက်ချင်းဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ကြားနေသူ၊ ကန့်ကွက်မည့်သူရှိပါသလားလို့ မေးမြန်းခြင်းမပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့လည်း အခွင့်အရေးဆုံးရှုံးနစ်နာမှုရှိခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း အခွင့်အရေးဆုံးရှုံးနစ်နာမှုရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဆုံးရှုံးနစ်နာနေတဲ့အပြင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရရော အငြင်းပွားမှုမရှိဘူး၊ နည်းဥပဒေ၊ ဥပဒေများနဲ့လည်း သဘောထားကွဲလွဲမှုမရှိဘူး။ ကျွန်တော်တို့ ဥပဒေအကြောင်းအချင်းအရာပြဿနာတစ်စုံတစ်ရာလည်း မရှိပါဘဲလျက်နဲ့ ဆုံးဖြတ်ချက်ချခြင်းဟာ ဒါ လုံးဝသဘာဝမကျပါဘူး။ မကျတဲ့အတွက် လွှတ်တော်အနေနဲ့ဂုဏ်သိက္ခာလည်းကျပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဥပဒေအရမှားယွင်းနေတယ်။ ကျွန်တော်တို့ နည်းဥပဒေအရ မှားယွင်းနေတဲ့အတွက် ပြည်သူ့လွှတ်တော်၊ အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင် တင်ပြတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံရင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးမယ့်သူရှိက ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ အမှတ်စဉ် ၁၃ နဲ့ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမတွင်းမှာ ရောက်ရှိတဲ့အချိန်ကျမှသာလျှင် ကျွန်တော်တို့ရဲ့အစည်းအဝေး Agenda ကို ဖတ်ရှုရတာဖြစ်ပါတယ်။ အကယ်၍ အစည်းအဝေး Agenda ကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဆောင်ရွက်တဲ့နည်းတူ တစ်ရက်

လောက်များ ကြိုတင်ဖြန့်ဝေနိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီ Agenda ပေါ်မူတည်ပြီးတော့မှ သင့်၏၊ မသင့်၏။ လျော်၏၊ မလျော်၏နဲ့ ကျွန်တော်တို့ ဆွေးနွေးနိုင်မှာ၊ အကြံပြုနိုင်မှာ၊ လိုအပ်တာကိုလည်း ဖြည့်စွက်နိုင်မှာ၊ မလိုအပ်တာကိုလည်းပဲ ပယ်ဖျက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို ပြောခြင်းအားဖြင့် ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်နာယကကြီးအနေနဲ့လည်းပဲ ဆန္ဒပါရင်လည်းပဲဖြစ်တယ်။ **ပမာဒလေခတာ**လဲ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ပညာရှိရင်သတိဖြစ်ခဲပါ။ သို့သော် အဆိုပါများယွင်းမှုများသည် လွဲမှားမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီခြင်းမရှိတဲ့အတွက် ကျွန်တော့်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအသီးသီး တင်ပြဆွေးနွေးခဲ့တာ ဒါကျွန်တော်တို့ လွှတ်တော်အနေနဲ့ ကန့်ကွက်သင့်ကြောင်းအဆိုပဲ ဖြစ်ပါတယ်။ အဓိကထားပြီး ကျွန်တော် တင်ပြလိုတာသည် ယခုလိုမဖြစ်သင့်တဲ့ကိစ္စတွေ အငြင်းပွားရခြင်းသည် ကျွန်တော်တို့ လွှတ်တော်နှစ်ရပ်အတွင်းမှာရော အမြင့်ဆုံးဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်အတွင်းမှာပါ မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ နောင်မှာလည်းမဖြစ်ပွားဖို့ အရေးကြီးပါတယ်။ ဒီလိုဖြစ်ခြင်းအားဖြင့်လည်းပဲ ကျွန်တော်တို့ လွှတ်တော်တွေရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့သိက္ခာကိုလည်းပဲ တစ်နည်းမဟုတ် တစ်နည်းထိခိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အထူးအားဖြင့် တင်ပြလိုတာကတော့ မည်သို့ပင်လုပ်ငန်းတာဝန်များ၊ ရုံးအဖွဲ့ဆိုင်ရာက များပြားသည်ဖြစ်စေ၊ ကျွန်တော်တို့ဆွေးနွေးမယ့် Agenda များကို ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးမတိုင်ခင်တစ်ရက်လောက်မှာ မဖြစ်ဖြစ်အောင်ပေးစေချင်ပါတယ်။ ပေးဖို့လည်းပဲ ကျွန်တော် တင်ပြလိုပါတယ်။ မပေးနိုင်လည်းပဲ အဲ့ဒီ Agenda တွေကို နောက်နေ့ကို ရွှေ့ပေးခြင်းအားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ Agenda ပေါ်မှာ မည်သူကထောက်ခံမယ်၊ မည်သူက ကန့်ကွက်နိုင်တယ်။ ကျွန်တော်တို့ အခြေခံဥပဒေ၊ နည်းဥပဒေများနဲ့ ကိုက်ညီခြင်းရှိ၊ မရှိလည်းပဲ ကျွန်တော်တို့ စိစစ်ပိုင်းခြားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ တင်ပြလိုတာကတော့ ကျွန်တော်တို့ ခုန ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးကြီး ဆွေးနွေးခဲ့တဲ့အဆိုပြုချက်ကို ကျွန်တော့်အနေနဲ့ အလေးအနက်ထောက်ခံပါကြောင်းနဲ့ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ နောင်မှာပြည်သူ့လွှတ်တော်မှာသော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှာ သော်လည်းကောင်း အစည်းအဝေး Agenda များကို တစ်ရက်ကြိုတင်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်များလက်ထဲကို အရောက်ပေးပို့ထားခြင်းဖြင့် ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ပြည်ထောင်စုလွှတ်တော်အနေနဲ့ အထူးသဖြင့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များ၏ အခွင့်အရေးများကို ရယူနိုင်မှာဖြစ်ကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပေါ့အပါးသွားလို့ရပါတယ်။ ကျွန်တော်တို့ ဒါ ဆွေးနွေးတဲ့အခါမှာ သင်ခန်းစာရပြီး ဗဟုသုတတွေလည်း အများကြီးရရှိပါတယ်။ အခုလိုဆွေးနွေး လိုက်ခြင်းအားဖြင့် ယခင် ယခင်ကတင်ပြခဲ့တဲ့ ကျွန်တော်တို့ လွှတ်တော်ရဲ့ဂုဏ်သိက္ခာ ကျဆင်းမှုများကိုလည်း အခုလို ပီပီပြင်ပြင်ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး မှန်ကန်တဲ့အဖြေရအောင် ပြန်လုပ်ခြင်းသည် လွှတ်တော်များရဲ့ ဂုဏ်သိက္ခာမြင့်မားမှာဖြစ်ပါတယ်။ အဲ့ဒီနည်းတူပဲ နိုင်ငံတကာကစောင့်ကြည့်နေတဲ့ ဒီမိုကရေစီသွားတာ တစ်ကယ်လား ဒါမှမဟုတ်ရင် ရုပ်ပြ၊ ဟန်ပြလား။ လွှတ်တော်တွေကရော တကယ်ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြလို့ရပြီလား။ ပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးတွေရော၊ လွှတ်တော်တွေက ပြည့်ပြည့်ဝဝပေးသလားဆိုတာတွေ ဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် ဒီနေ့တော့ ဒီကနေသင်ခန်းစာယူစရာတွေ အများကြီးရနိုင်ပါတယ်၊ ဗဟုသုတတွေ အများကြီးရနိုင်ပါတယ်။ ဒါကြောင့်မို့လို့ လွတ်လွတ်လပ်လပ်ဆွေးနွေးပါ။ ဒီဟာသည်ပင်လျှင် ဒီမိုကရေစီဖြစ်ပါတယ်။ အဲ့လို ဖြစ်တဲ့အချိန်မှာ ကျန်သော၊ ကျန်သောပုဂ္ဂိုလ်များအနေနဲ့ တကယ်လို့ အပေါ့အပါးသွားချင်သည် ဖြစ်စေ၊ အကြောင်းတစ်ခုခုဖြစ်မယ်ဆိုလို့ရှိရင် လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါဟု ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြသန်းဖြစ်ပြီး ဥပဒေပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူတစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်ရဲ့အဆိုပြုချက်ကို ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကြီးကို ဥပဒေပြုရေးအာဏာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၊ အပိုဒ်ခွဲ(က)အရ အပ်နှင်းခြင်းခံရသည့်အလျောက် လွှတ်တော်က နိုင်ငံတော်အကျိုး၊ ပြည်သူများရဲ့အကျိုးကို ရှေးရှုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေများကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဥပဒေကြမ်းအသစ်များ အဖြစ်ရေးဆွဲအတည်ပြုခဲ့ကြပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံတော်မှာ ဥပဒေပေါင်း ၄၀၀ ကျော်ရှိနေတဲ့အတွက် လွှတ်တော်ကြီးက ယင်းဥပဒေများအား နိုင်ငံတော်အကျိုး၊ ပြည်သူများရဲ့ အကျိုးနဲ့လိုက်လျောညီထွေမှုမရှိတဲ့ ဥပဒေများကိုစိစစ်ပြီး ပြင်ဆင်သင့်တဲ့ဥပဒေတွေ၊ ဖြည့်စွက်သင့်တဲ့

ဥပဒေတွေ၊ အသစ်ပြန်လည်ရေးဆွဲခဲ့ရမည့် ဥပဒေတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်သွားကြတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေနဲ့နည်းဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက် ကြရာမှာ ဥပဒေနဲ့မညီသော ကန့်သတ်ချက်များ၊ ဥပဒေနဲ့မညီသော ဆုံးဖြတ်ချက်များနှင့် ဥပဒေနဲ့မညီ သော အတည်ပြုချက်များရှိလာပါက လွှတ်တော်ကြီးရဲ့ ဥပဒေလမ်းကြောင်းတိမ်းစောင်းသွားနိုင် ပါတယ်။ ဒါကြောင့် ဥပဒေနဲ့မညီသော ကန့်သတ်ချက်များ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ ပေါ်ပေါက်လာပါက လွှတ်တော်က ပြန်လည်တည့်မတ်ပြင်ဆင်နိုင်ရန်အတွက် တင်ပြဖို့တာဝန်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်သာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့ ၂၈-၁၁-၂၀၁၁ ရက်နေ့က ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မတိုင်မီတစ်ရက်က ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်စွဲဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို အစည်းအဝေးဖိတ်စာဖြင့် ဖိတ်ကြားခြင်းခံခဲ့ရပါတယ်။ ဖိတ်စာပါအပိုဒ် ၁ တွင် အစည်းအဝေး ဖိတ်ကြားခြင်း၊ ကျင်းပမည့်နေရာ၊ ကျင်းပမည့်နေ့ရက်၊ ကျင်းပမည့်အချိန်ပါရှိပြီး အစည်းအဝေး အစီအစဉ်လျာထားချက်ကိုသာ ရရှိခဲ့ပါတယ်။ အစည်းအဝေးလျာထားချက်အစီအစဉ်မှာ ၁၃ ခု ရှိကြောင်း တွေ့ရှိရသော်လည်း အမှန်တကယ်အစည်းအဝေးကျင်းပတဲ့ ၂၈-၁၀-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော် အခမ်းအနားအစီအစဉ်မှာ မူလလျာထားချက် ၁၃ ခုမဟုတ်တော့ဘဲ အစီအစဉ် ၁၄ ခုဖြစ်နေတာတွေ့ရှိရပါတယ်။ ဒါဟာလည်းပဲ နာယကကြီးတစ်ဦးအနေနဲ့ လုပ်ပိုင်ခွင့် ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစီအစဉ် ၁၃ မှာ ပြည်သူ့လွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သောဥပဒေကြမ်းများကို နိုင်ငံတော် ဖွဲ့စည်းပုံဆိုင်ရာခုံရုံးက စိစစ်ပေးရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းဟူ၍ ဖော်ပြထားတာတွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအစီအစဉ်ကို ရင်တထိတ်ထိတ်နဲ့ စောင့်စားရောက်ရှိတဲ့အခါ ပြည်ထောင်စုလွှတ်တော်နာယကမှ သဘောတူပါ သလား။ သဘောတူပါသလား။ သဘောတူပါသလားဆိုတာ သုံးကြိမ်မေးမြန်းပြီး သဘောမတူတဲ့သူ ရှိပါသလားဆိုတဲ့ မေးမြန်းခြင်းမျိုးမပြုတော့ဘဲ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် မညီညွတ်တဲ့အပြင် သဘောမတူသူ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များရဲ့အခွင့်အရေး ဆုံးရှုံးခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်နာယကရဲ့ အထက်ဖော်ပြပါ ဆုံးဖြတ်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၇ မှာ ပြဋ္ဌာန်းထားတဲ့ ပြည်ထောင်စုလွှတ်တော် နာယကရဲ့ လုပ်ငန်းနှင့်တာဝန်ပြဋ္ဌာန်းချက်များမှာလည်း လုပ်ပိုင်ခွင့်ပြုမထားကြောင်း တင်ပြလို ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅၊ ၁၀၆၊ ၁၀၇ ပြဋ္ဌာန်းချက်များတွင်လည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည် ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေများ၊ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သမ္မတထံ သို့သာ အတည်ပြုထုတ်ပြန်ရန်တင်ပြခြင်း၊ သမ္မတကသဘောထားမှတ်ချက်ဖြင့် ပြင်ဆင်ခြင်းကို ပြည်ထောင်စုလွှတ်တော်ထံ ပြန်လည်ပေးပို့ခြင်း၊ လွှတ်တော်မှပြန်လည်ဆုံးဖြတ်ခြင်း သို့မဟုတ် နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းအား မူလအတိုင်းအတည်ပြုရန် ဆုံးဖြတ်နိုင်သည်စသည် စသည်ဟုသာ ပြဋ္ဌာန်းပါရှိပြီး ဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့ရန်ဆိုတဲ့အချက်အား ဖော်ပြပါဥပဒေများတွင် ပြဋ္ဌာန်းချက်ပါရှိသည်ကို မတွေ့ရပါ။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ ပြဋ္ဌာန်းချက်မှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများရဲ့ အကျိုး သက်ရောက်မှုနဲ့လည်း မညီညွတ်ပါ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေအခန်း ၁၂၊ ပုဒ်မ ၁၀၆၊ ၁၀၇၊ ၁၀၈ ပြဋ္ဌာန်းချက်များတွင်လည်း ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်ဖြစ်ကြောင်းသာပါရှိပါတယ်။ ဆိုလိုတာက ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၁၀၆ ၏ ပြဋ္ဌာန်းချက်မှာ လွှတ်တော်ကအတည်ပြုသော ဥပဒေကြမ်းကို လည်းကောင်း၊ လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းကိုသော် လည်းကောင်း နိုင်ငံတော်သမ္မတက လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း ဥပဒေအဖြစ် ထုတ်ပြန်ကြေညာနိုင်ရန် နာယကသည် နိုင်ငံတော်သမ္မတထံပေးပို့ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် နာယကသည် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စု လွှတ်တော်ကအတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်အခြေခံဥပဒေ ဆိုင်ရာခုံရုံးက စိစစ်ရေးနှင့် စိစစ်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူခဲ့ခြင်းသည် ဖော်ပြပါ ဥပဒေပုဒ်မ ၁၀၆ ပြဋ္ဌာန်းချက်နှင့်ဆီလျော်မှုမရှိဘဲ ဆန့်ကျင့်လျက်ရှိနေကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ လုပ်ငန်းတာဝန်များကို ဖော်ပြထားပါတယ်။ လုပ်ငန်းတာဝန်များအနက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂၊ အပိုဒ်ခွဲ(ခ)မှာ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းထားသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်းဟူ၍ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ယင်းဥပဒေအဓိပ္ပါယ်အရခုံရုံးသည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးသည့်ဥပဒေများကိုသာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီ စိစစ်ခွင့်ရှိပြီး ဥပဒေအဖြစ် မပြဋ္ဌာန်းရသေးသော ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေကြမ်းများအား ခုံရုံးမှ စိစစ်ပိုင်ခွင့်မရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၈-၁၀-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်၏အစီအစဉ် ၁၃ အရ ဆုံးဖြတ်ခဲ့သော ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်အခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများနှင့် ဆီလျော်မှုမရှိဘဲ ဆန့်ကျင့်လျက်ရှိနေကြောင်း ပေါ်ပေါက်နေပါသဖြင့် ယင်းဆုံးဖြတ်ချက်အား ပြင်ဆင်ပယ်ဖျက်သင့်ပါတယ်။ သို့မှသာ လွှတ်တော်ကြီးရဲ့ ဥပဒေပြုရေးလမ်းကြောင်း မတိမ်းစောင်းဘဲ တည့်တည့်မတ်မတ်ဖြင့် ဥပဒေများကို အတည်ပြုနိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးရဲ့တင်ပြသောအဆိုအား လေးလေးနက်နက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုပဲ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ၂၈-၁၀-၂၀၁၁ ရက်နေ့ အစီအစဉ်အမှတ်စဉ် ၁၃ မှာပါရှိတဲ့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူခဲ့ပါတယ်ရှင်။ အဲဒီနေ့မှာ ကျွန်မတို့က နာယကကြီးရှင်းပြပြီးတာနဲ့ အခြေခံဥပဒေနဲ့မကိုက်ညီဘူးလို့သိတာနဲ့ ချက်ချင်းကျွန်မတို့က အခြေခံဥပဒေကို ကိုင်ပြီးတော့ သူပြောတဲ့ပုဒ်မကိုကိုင်ပြီးတော့ ကန့်ကွက်ဖို့စောင့်နေခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအဆုံးအဖြတ်ရယူခဲ့တဲ့အချိန်မှာ ကန့်ကွက်သူတွေကို ဖိတ်ခေါ်ခြင်းမပြုဘဲ ချက်ချင်းမှတ်တမ်းတင်ခဲ့တာ ကြောင့်ကန့်ကွက်မယ့်သူများအတွက် အခွင့်အရေးမရခဲ့ဘဲနဲ့ နစ်နာဆုံးရှုံးခဲ့ရပါတယ်။ အဲဒီလိုပြုလုပ်ခြင်းဟာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားအမှန်ကို မှန်ကန်ပြည့်စုံစွာရယူခဲ့ကြောင်း ပြသခွင့်မရခဲ့သလိုဖြစ်ခဲ့ရပါတယ်။ လုပ်ထုံးလုပ်နည်း လွဲမှားနေတယ်လို့လည်း မြင်မိတဲ့

အတွက်ကြောင့် အခွင့်အရေးကော်မတီကို ချက်ချင်းတင်ပြခဲ့ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ဥပဒေချောင်းရာပြဿနာနဲ့ အကြောင်းချင်းရာပြဿနာများစွာ ပေါ်ပေါက်လာတဲ့အတွက်ကြောင့် ကျယ်ပြန့်စွာဆွေးနွေးပါရစေရှင်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈(က)မှာ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်ကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရပါမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈(ခ)မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမယ်လို့ ဖော်ပြပါရှိပါတယ်။ အဲဒီနှစ်ပိုဒ်စလုံးမှာပါရှိတဲ့ပြဋ္ဌာန်းတဲ့ဥပဒေဆိုတာ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြီးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ အရ လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းကိုလည်းကောင်း၊ လွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းကိုလည်းကောင်း နိုင်ငံတော်သမ္မတလက်ခံရရှိတဲ့နေ့ရဲ့နောက်တစ်နေ့မှ ၁၄ ရက်အတွင်း ဥပဒေအဖြစ် ထုတ်ပြန်ကြေညာနိုင်ရန် နာယက က နိုင်ငံတော်သမ္မတထံပေးပို့ရပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀နဲ့ ၁၁၁ အရ ဆောင်ရွက်ပြီးမှ ပြဋ္ဌာန်းဥပဒေဆိုတာ ဖြစ်လာပါတယ်လို့ လေ့လာသိရှိခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၀၅၊ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရမယ်လို့သာပါရှိပါတယ်။ ဥဒေကြမ်းပူးပေါင်းကော်မတီကစိစစ်ရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ။ သံသယရှိသောကိစ္စများစတဲ့အကြောင်းရပ်များ ပါဝင်သည်ကို မတွေ့ရပါဘူးရှင့်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို သမ္မတထံသို့သာ ပေးပို့ရန်တာဝန်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ပေးပို့ရန် ညွှန်ကြားထားခြင်းမရှိပါဘူးရှင့်။ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မကိုက်ညီကြောင်း ပူးပေါင်းကော်မတီကတွေ့လို့ရှိရင် အဲဒီမှာကတည်းက

ပယ်ဖျက်ဖို့ ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ တာဝန်သာဖြစ်ပါတယ်။ ပူးပေါင်းကော်မတီကလည်း မညံ့ပါဘူးရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂၊ ပုဒ်မခွဲ(ခ)မှာ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိစိစစ်ခြင်းဟုသာပါရှိပါတယ်။ အဲဒီရဲ့ဆိုလိုရင်းမှာ ပြဋ္ဌာန်းသည့် ဥပဒေလို့သာဆိုပါတယ်။ ဥပဒေကြမ်းများကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်းလို့မပါရှိပါဘူးရှင့်။ ဆိုလိုတဲ့အဓိပ္ပါယ်လိုရင်းကို သေချာစွာ အဓိပ္ပါယ်ကောက်ယူသုံးသပ်စဥ်းစားကြည့်ဖို့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကိုမဟုတ်ဘဲနဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးကို မေတ္တာရပ်ခံတိုက်တွန်းချင်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေအခန်း(၃)၊ နာယကနှင့် ဒုတိယနာယကတို့ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များအခန်း(၁၂)၊ ဥပဒေအဖြစ်ထုတ်ပြန် ကြေညာရန်ဆောင်ရွက်ခြင်းတို့မှာ နာယကမှပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ စိစစ်ရန်ပေးပို့ရေးနှင့် ပတ်သက်တဲ့ကိစ္စကို မပါရှိကြောင်းမြင်တွေ့ရပါတယ်။ အဲဒီအပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၁၄)၊ ဥပဒေပြုရေးအခန်းမှာလည်းမပါရှိပါဘူး။ ၂၈-၁၀-၂၀၁၁ ရက်စွဲပါအမှတ်စဥ် (၁၃) ဆုံးဖြတ်ချက်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်မှုမရှိကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ဆန့်ကျင်နေကြောင်းလည်းတွေ့ရပါတယ်ရှင်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၆)၊ တရားစီရင်ရေးအခန်းမှာရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ နည်းဥပဒေတို့မှာ မပြဋ္ဌာန်းရသေးသည့်ဥပဒေများ၊ မူကြမ်းများအားစိစစ်ရန် တာဝန်ပေးအပ်ထားခြင်းမရှိကြောင်း တွေ့ရပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေများကိုသာ ခုံရုံးဥပဒေပုဒ်မ ၁၂(ခ)၊ ပုဒ်မ ၁၂(ဇ)အရသော်လည်းကောင်း၊ ခုံရုံးနည်းဥပဒေပုဒ်မ ၃(ခ)၊ နည်းဥပဒေပုဒ်မ ၃(ဇ)တို့အရသာ ခုံရုံးကဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဥပဒေမူကြမ်းပေးပို့ရန်တာဝန်မရှိပါ။ ဒါ့ကြောင့် ၂၈-၁၀-၂၀၁၁ ရက်စွဲပါအမှတ်စဥ်(၁၃) ဆုံးဖြတ်ချက်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ နည်းဥပဒေများနဲ့လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၄)မှာ ဥပဒေပြုရေးကိုဖော်ပြထားပြီးတော့

အခန်း(၆)မှာ တရားစီရင်ရေးကို ဖော်ပြထားပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ အဓိကတာဝန်မှာ နိုင်ငံအကျိုး၊ ပြည်သူများရဲ့အကျိုးစီးပွားအတွက် ဥပဒေပြုရန်တာဝန်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကတော့ တရားစီရင်ရေးကို ဖော်ဆောင်ရတဲ့တာဝန် ရှိပါတယ်။ အခု ဆုံးဖြတ်ချက်က အဲဒီကဏ္ဍနှစ်ခုစလုံးကိုရောထွေးသွားရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ရာ ရောက်ပါတယ်ရှင်။ ဒီဆုံးဖြတ်ချက်ကို ချမှတ်ခြင်းအားဖြင့် ဥပဒေချင်းရာပြဿနာများစွာ ပေါ်ပေါက်လာတဲ့အပြင် လွှတ်တော်ကိုစောင့်ကြည့်နေတဲ့သူများ၊ လွှတ်တော်ကို အားကိုးချင်တဲ့သူများမှာ အတွေးများစွာပေါ်ထွန်းလာမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူတွေက လွှတ်တော်ကိုယ်စားလှယ်တို့မှာ ဥပဒေပြုရေးအတွက် ကိုယ်ပိုင်အရည်အချင်းမရှိကြတော့ဘူးလား။ လွှတ်တော်အပေါ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လွှမ်းမိုးနေသလား။ အဆိုတင်သွင်းသူမရှိဘဲ နာယကကိုယ်တိုင်တင်သွင်းဆုံးဖြတ်နိုင်သလား။ လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီညွတ်ဘဲ၊ လုပ်ထုံးလုပ်နည်းမညီဘဲနဲ့ ပြုလုပ်ပိုင်ခွင့်ရှိသလား။ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ လွှတ်တော်၏ အစဉ်အလာများ၊ ထုံးတမ်းများကို ဖောက်ဖျက်ရာမရောက်ပေဘူးလား။ နိုင်ငံတော်ရဲ့အကျိုးစီးပွားအတွက် အမှန်တကယ် လုပ်ဆောင်နိုင်ပါမည်လား။ လွှတ်တော်က ပြည်သူများရဲ့လိုလားချက်ကို အမှန်တကယ်ဖော်ဆောင်နိုင်ပါမည်လား။ ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်စတဲ့ဆောင်ပုဒ်နဲ့ ကိုက်ညီပါရဲ့လား။ စသော စသောမေးခွန်းပေါင်းမြောက်များစွာကို ကျွန်မတို့ လွှတ်တော်က ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲဆိုတာ ကိုယ်စားလှယ်များအားလုံး ထည့်သွင်းစဉ်းစားစေချင်ပါတယ်ရှင်။ ကျွန်မတို့ လွှတ်တော်ကို အားကိုးချင်တဲ့ပြည်သူတွေကို သံသယမပေးသင့်ပါဘူး။ လွှတ်တော်ရဲ့ကောင်းမွန်တဲ့ပုံရိပ်ဟာ နိုင်ငံတော်အတွက်၊ ပြည်သူတွေအတွက်အဓိကပါ။ လွှတ်တော်ရဲ့ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်သင့်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ နည်းဥပဒေတွေနဲ့ ညီညွတ်မှုမရှိတဲ့ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ၂၈-၁၀-၂၀၁၁ ရက်နေ့ အစီအစဉ်အမှတ်စဉ်(၁၃)မှာပါရှိတဲ့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးနှင့် စပ်လျဉ်းသည့် လွှတ်တော်၏အဆုံးအဖြတ်အား ကန့်ကွက်ခွင့်ပြုရန်နှင့် ပယ်ဖျက်ရန်အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တော်တော်လည်း ပြည့်စုံသွားပါပြီ။ ပူးပေါင်းကော်မတီကိုလည်း အထင်မသေးရပါဘူး။ အခု ကျွန်တော် သတိထားကြည့်မိတယ်။ ဥပဒေပညာရှင်၊ ဥပဒေနဲ့အသက်မွေး ဝမ်းကျောင်းမဟုတ်သူ နှစ်ယောက်ပဲပါတယ်။ တစ်ယောက်ကတော့အဆိုပြုသူ ဒါပေမယ့်လို့ **ဒေါက်ထရိုက်** ဘွဲ့ရထားတယ်။ နောက်တစ်ယောက်ကတော့ ဥပဒေဘွဲ့တော့မဟုတ်ဘူး။ ဘွဲ့တွေတော့ အများကြီးပဲ။ဒီနှစ်ယောက်ကလွဲလို့ ကျန်တဲ့ဆွေးနွေးတဲ့သူများဟာ ဥပဒေနဲ့အသက်မွေးဝမ်းကျောင်းပြု သူများ၊ ဥပဒေပညာရှင်များလို့ မှတ်ယူရမှာဖြစ်ပါတယ်။ ဆွေးနွေးချက်များကြောင့်လည်း ကျွန်တော်တို့ မသိတဲ့ဥပဒေအကြောင်းအရာများ၊ အကြောင်းအချင်းအရာများကိုလည်း စာမဖတ်ဘဲနဲ့ များစွာ ဗဟုသုတရပါတယ်။ အဲဒီထက်ပိုပြီးတော့ ကျွန်တော်တို့အတွက် ကောင်းသွားတာက လွှတ်တော် အတွက်ကောင်းသွားတာက လွှတ်တော်မှာအဆိုတစ်ခုပြုတယ်ဆိုရင် ဒီအဆိုကို ဝိုင်းဝန်းဆွေးနွေး ကြတယ်။ အကြံပြုကြတယ်။ ပြီးတဲ့အခါမှာ အဆိုပေါ် မူတည်ပြီးတော့ မဲခွဲဆုံးဖြတ်ကြတယ်။ သဘောက တော့ လွှတ်တော်အတွင်းမှာ ဒီမိုကရေစီကျင့်စဉ်ကို စနစ်တကျ ဆောင်ရွက်နေတယ်ဆိုတာ ပြီးခဲ့တဲ့ ကာလအထိအားလုံး ဒီလိုပဲမြင်တွေ့ခဲ့ကြတာပါ။ သို့ရာတွင် ခုနက အမှုမဲ့အမှတ်မဲ့ ဖြစ်သွားတဲ့ကိစ္စလို့ပဲ သဘောထားတာကောင်းပါတယ်။ အမှုမဲ့အမှတ်မဲ့ဖြစ်သွားတဲ့ကိစ္စက ကြီးမားတဲ့ဥပဒေရေးရာပြဿနာ များ ပေါ်ပေါက်လာပြီးတော့ ကျွန်တော်တို့ လွှတ်တော်များကို ဂုဏ်အင်္ဂါများကို ထိခိုက်သွားတယ် ဆိုလို့ရှိရင်လည်း ဒီနေ့ အဆိုပြုထောက်ခံဆွေးနွေးအကြံပြုချက်တွေဟာ ကျွန်တော်တို့ လွှတ်တော်တွေ မှာ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များကို ပီပီပြင်ပြင်လုပ်နေသေးတယ်ဆိုတာ ပြန်ပေါ်လွင်သွားတဲ့ အတွက် လွှတ်တော်ရဲ့ဂုဏ်သိက္ခာများလည်း ပြန်လည်မြင့်မားလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အခုလို အဆိုတင်သွင်းသူ၊ ထောက်ခံဆွေးနွေးသူများကို ကျေးဇူးတင်ကြောင်း ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်ဘက်ကလည်း လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များတင်ပြလာတဲ့ မှန်ကန်တဲ့တင်ပြချက် တစ်နည်းအားဖြင့် ပြောရမယ်ဆို အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ကန့်သတ်လို့မရပါဘူး။ ဒါကြောင့်လည်း အဆင့်ဆင့် တင်ပြလာတာကိုမူတည်ပြီးတော့ ဒီတင်ပြချက်တွေကို လွှတ်တော်ကိုပြန်တင်ပြ၊ တင်ပြပြီးတဲ့အခါမှာ လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပြီး ဆောင်ရွက်မှသာ လုပ်ငန်းစဉ်အားလုံး ပြီးဆုံးသွားမယ်ဆိုတဲ့ အနေအထားမျိုးဖြစ်ကြောင်း သုံးသပ်လို့ရရှိတဲ့အတွက် အမှန်အတိုင်းပြောမယ်ဆိုရင်တော့ မနေ့က ကျွန်တော် စတင်တင်ပြကတည်းကိုက အခုလိုပဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ သို့ရာတွင် မိမိတို့ရဲ့ဆောင်ရွက်မှုဟာ တစ်ဖက်လွှတ်တော်သို့မဟုတ်လို့ရှိရင် ပြည်ထောင်စုလွှတ်တော်က အခုလိုပဲ စတင်တင်ပြကတည်းကိုက အခုလိုပဲ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ သို့ရာတွင် မိမိတို့ရဲ့

ဆောင်ရွက်မှုဟာ တစ်ဖက်လွှတ်တော် သို့မဟုတ်လို့ရှိရင် ပြည်ထောင်စုလွှတ်တော်နာယကနဲ့ အခြား ပုဂ္ဂိုလ်ရေးရာသဘောမျိုးဖြစ်လို့ရှိရင် မသင့်မြတ်ပါဘူးဆိုပြီးတဲ့အခါမှာ ကျွန်တော်တို့ လိုအပ်တဲ့ ပြင်ဆင်မှုတွေ၊ ဆွေးနွေးမှုတွေ၊ အသိပေးမှုတွေလုပ်ပြီးမှ ဒီနေ့ဒီအဆိုကို လက်ခံဆွေးနွေးတဲ့သဘော ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပြန်ချုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ အခုလိုအဆိုပြုပိုင်းဝန်းဆွေးနွေး လိုက်တဲ့အတွက် ကျွန်တော်တို့ရဲ့ လွှတ်တော်ဂုဏ်သိက္ခာအပါအဝင် နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာပါ ပြန်လည်ရရှိတယ်လို့ပဲ ကျွန်တော် ဒီလိုပဲ ကျွန်တော်ဘက်က သုံးသပ်ပါတယ်။ လွှတ်တော်ဆိုတာ ပြည်သူများကိုယ်စား၊ နိုင်ငံ့ကိုယ်စား ဒါ့ကြောင့်မို့လို့ လွှတ်တော်တစ်ရပ်ကျင်းပတယ်ဆိုတာ လွှတ်တော်သည် နိုင်ငံ့ကိုယ်စားပြုလုပ်တဲ့ ကိစ္စဖြစ်တဲ့အတွက် ဒီလိုအနေအထားမျိုးကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက တာဝန်သိသိသစ္စာရှိရှိ ဆောင်ရွက်ပေးတဲ့အတွက်လည်း ကျေးဇူး တင်ကြောင်း ထပ်လောင်းပြောချင်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပါမယ်။ ဒီတစ်ခါကျရင်လည်း ကျွန်တော်လည်း သတိထားပြီးတော့ နောက်ဆုံးဟာလေး တစ်ခုတော့မေးဖြစ် အောင် ကျွန်တော်မေးမှ ဖြစ်ပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီက အတွင်းရေးမှူး ဒေါက်တာစိုးရင်တင်သွင်းတဲ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်ခဲ့သော ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သောဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရန်ဟူသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်မှုမရှိပါသဖြင့် ကန့်ကွက်ခွင့်ပြုပါရန်နှင့် အထက်ပါဆုံးဖြတ်ချက်အားပယ်ဖျက်ပေးပါရန်အဆို ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ပြီး အတည်မပြုမယ့်သူများရှိပါသလားခင်ဗျား။ မရှိတဲ့အတွက် အဆိုကို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ မနက်ဖြန် နိုဝင်ဘာလ ၂ ရက်နေ့မှာတော့ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်အချို့ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်သွားရမှာဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတော့ ပြုလုပ်မှာမဟုတ်ပါဘူး ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၅ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်(ကြာသပတေး)နေ့မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။